# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဖေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ တနင်္လာနေ့ (11-2-2013) (၇၃၉၃)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ငြိမ်းချမ်းရေးရောင်နီသန်းလာပြီဖြစ်၍ ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး ရည်မှန်းချက်ရောက်အောင် ဆောင်ရွက်

## ငြိမ်းချမ်းရေးကိုထိခိုက်စေနိုင်သော အပြောအဆို၊ အသုံးအနှုန်းများ သတိပြုရှောင်ရှား

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် သူရဦးအေးမြင့်၊ ဦးသိန်းဇော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၁၁ နာရီခွဲတွင် ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ဤဒေသ၏လိုအပ်ချက်များနှင့် အခက်အခဲများ ကြည့်မြင်နားထောင်ပြီး နယ်မြေအေးချမ်းမှုမှသည် နယ်မြေငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်သောကြောင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသလိုအပ်ချက်များနှင့် အခက်အခဲများကို ပွင့်ပွင့် လင်းလင်း တင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအစီအစဉ် စတင်ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ထောက်ပံ့လှူဒါန်းသော ဆန်၊ ဆီ၊ ဆားနှင့် ဆေးဝါးပစ္စည်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်လွင်နှင့် ဦးဉာဏ်ထွန်းအောင်တို့က ပေးအပ်လှူဒါန်းရာ ရပ်မိရပ်ဖနှစ်ဦး က လက်ခံသည်။

ဆက်လက်၍ လွှတ်တော်များက ထောက်ပံ့လှူဒါန်းသော ဆန်၊ ဆီ၊ ဆား တို့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် သူရဦးအေးမြင့်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

## အမေရိကန်နိုင်ငံတွင် နှင်းမုန်တိုင်းတိုက်ခတ်၍ ငါးဦးသေဆုံးပြီး အိမ်ခြေ ခုနစ်သိန်းကျော် လျှပ်စစ်မီးများ ပြတ်တောက်

**အောဝမ်းစိုး**

**နယူးယောက် ဖေဖော်ဝါရီ ၁၀**

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း ဒေသများတွင် နှင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် အနည်းဆုံး လူငါးဦးသေဆုံးခဲ့ပြီး အိမ်ခြေ ခုနစ်သိန်းကျော် အတွက် လျှပ်စစ်မီးများ ပြတ်တောက်သွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြ သည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လမ်းမကြီးများတွင် အသွားအလာ ပြတ်တောက်ကာ လူသူကင်းမဲ့ခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေးအတွက်လည်း အခက်ကြုံနေရပြီဖြစ်သည်။

ကွန်နက်တီကတ်ပြည်နယ်အတွင်းရှိလမ်းအားလုံးနှင်းများပိတ်ဖုံးကာ ခရီး သွားလာမှု လုံးဝနီးပါး ရပ်ဆိုင်းသွားခဲ့ရသကဲ့သို့ မက်ဆာချူးဆက်ပြည်နယ်တွင် လည်း အချို့သောသူများက နေအိမ်များကို စွန့်ခွာ၍ ဘေးကင်းရာသို့ ပြောင်းရွှေ့ သွားကြပြီဟုဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့



အမေရိကန်နိုင်ငံ၌ နှင်းများထူထပ်စွာကျရောက်နေသည်ကို တွေ့ရစဉ်။

**ယနေ့ မာတိကာ**


အနာဂတ်လူငယ် — စာမျက်နှာ - ၂

လက်ပံပွင့်ကောက် တစ်ခေါက်လာပါ — စာမျက်နှာ - ၇

ကနေဒါ ရေတပ်အရာရှိဟောင်း သူလျှိုလုပ်မှုဖြင့် ထောင်နှစ် ၂၀ ကျ — စာမျက်နှာ - ၅



SUN FAR TRAVELS & TOURS CO., LTD.

၂၀၁၃ သင်္ကြန်ခရီးစဉ်များ

** 25 February မတိုင်မီ ကြိုတင် စာရင်းပေးသွင်းပါက Discount ရှိပါသည်။

U.S.A ခရီးစဉ် 6 April - 23 April: New York, Niagara Fall, Washington D.C, Las Vegas, Los Angeles, San Francisco

Europe ခရီးစဉ် 9 April - 22 April: England, France, Switzerland, Italy

Japan ခရီးစဉ် 11 April - 19 April: Osaka, Kyoto, Hakone, Kamakura, Tokyo, Yokohama

Korea ခရီးစဉ် 11 April - 17 April: Seoul, Jeju

China ခရီးစဉ် 13 April - 19 April: Hong Kong, Macau, Guangzhou, Zhuhai, Shenzhen

Singapore - Malaysia ခရီးစဉ် 13 April - 20 April: Singapore, Kuala Lumpur

Bangkok - Pattaya ခရီးစဉ် 13 April - 18 April: Bangkok, Pattaya

IATA Accredited Agent

38th Street: No.27, 5th Floor, 38th Street, Kyauktada Township, Yangon. 380 211, 250 866, 376 671, 09 4210 18222

Sakura Tower: Unit #03-08, 3rd Floor, Sakura Tower, No.339, Bogyoke Aung San Road, Kyauktada Township, Yangon. 09 7303 8877, 255 883, 255 338

Bahan: No.61, New University Avenue, Bahan Township, Yangon. 09 7303 8866, 555 771

ကြေးမုံစာတည်းရှုထောင့် ၁၁-၂-၂၀၁၃၊ တနင်္လာနေ့

# အနာဂတ်လူငယ်

လူငယ်လူရွယ်ဆိုသည်မှာ အနာဂတ်အတွက် ပန်းကောင်းအညွန့်လေးများဖြစ်ပါသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီး ဖြစ်လာမည်မို့ လူငယ်များ၏ အရည်အသွေး၊ ကိုယ်ကျင့်တရားနှင့် အနာဂတ်မျှော်လင့်ချက်တို့သည် အရေးကြီးသည့် အချက်များဖြစ်ပါသည်။

လူငယ်တို့သည် ပန်းကောင်းအညွန့်ဟုဆိုထားရာ လေယူရာတိမ်းတတ်ပါသည်။ ပျိုးထောင်ရာ ရှင်သန်ကြပါသည်။ တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုးဆိုသော ကျေးညီနောင်ပုံပြင်ကဲ့သို့ ကျင်လည်ရာဝန်းကျင်ကိုလိုက်၍ လူငယ်တို့၏ ဗီဇနှင့်အပြုအမူများ ဖြစ်တတ်သည်ကို သတိမူရမည်ဖြစ်ပါသည်။

လက်ရှိတွင် လူငယ်တို့အားမာန်၊ လူငယ်တို့စွမ်းအား၊ လူငယ်တို့၏ ဆောင်ရွက်မှုတို့မှာ ယခင်နှင့်မတူ ကိုယ်ပိုင်အတွေးအခေါ် အယူအဆ၊ ကိုယ်ပိုင်တတ်သိနားလည်မှုတို့ဖြင့် အားကောင်းမောင်းသန်ဖြစ်လာရာ ဆရာမလိုလောက်အောင် စွမ်းရည်ထက်မြက်နေသကဲ့သို့ဟုပင် ဆိုရမည်ဖြစ်သည်။

ထိုသို့စွမ်းဆောင်ရာ၌ လမ်းမှန်သို့ရောက်အောင် ညွှန်ပြပေးမှု လိုအပ်သကဲ့သို့ ကိုယ်ကိုယ်တိုင်လည်း လမ်းမှားမရောက်အောင် သတိပြုတတ်ဖို့ လိုမည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မျက်မှောက်ကာလတွင် အသိပညာဖြန့်ဝေပေးမှုများမှာ နည်းလမ်းပေါင်းစုံဖြင့် များပြားလှပါသည်။

လူငယ်လူရွယ်များမှာ လမ်းမှန်ညွှန်ပြ၊ အသိပညာဗဟုသုတ ရနိုင်သည့် စာအုပ်စာပေ၊ ဆရာသမားတို့အား ချဉ်းကပ်မှုထက် ခေတ်စနစ်အရ ပေါ်ပေါက်လာသည့် အွန်လိုင်းအသိပညာ လိုက်စားမှုများပိုလာသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

ဂလိုဘယ်လ်လိုက်ဇေးရှင်းခေတ်ကြီးဝယ် ကမ္ဘာသည် ရွာကြီးတစ်ရွာဖြစ်လာသဖြင့် အသိပညာဖလှယ်မှုများ ပိုမိုလွယ်ကူ မြန်ဆန်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်လူရွယ်များအနေဖြင့် ငွေမကုန်၊ ခြေမညောင်း အလွယ်တကူ ရလွယ်သည့် အွန်လိုင်းအသိပညာများကို ရှာဖွေလာကြသည်မှာ မဆန်းပါ။

သို့သော် အွန်လိုင်းဆိုသည်မှာ မည်သူမဆို မှန်မှန်မှားမှား၊ ကောင်းကောင်း မကောင်းကောင်း မိမိတို့နှစ်သက်ရာများကို စိတ်ကြိုက်ဖန်တီးနိုင်သော နယ်ပယ်ဖြစ်၍ မိမိနှင့်အများအတွက် အကျိုးများဖွယ်ရာများကိုသာ မှတ်သားရယူလေ့လာမှုပြုသင့်ပေသည်။

အမှန်တကယ်တွင် အွန်လိုင်းပေါ်၌ ကောင်းမွန်သည့် အချက်အလက်များ အမြောက်အမြားရှိသလို လူငယ်များအတွက် မသင့်မြတ်သည့် အချက်အလက်များလည်းရှိရာ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး ဖြစ်စေတတ်သဖြင့် အထူးသတိပြုကြရမည်ဖြစ်သည်။

အွန်လိုင်းဟူသည်မှာ အချိန်ကုန်တတ်သော သဘောရှိ၍ အွန်လိုင်းပေါ်တွင်သာ အချိန်ကုန်မနေဘဲ မိမိတို့အတွက် အကျိုးဖြစ်ထွန်းစေမည့် အကြောင်းအရာအချက်အလက်များကို မှတ်သားသိရှိပြီးနောက် လက်တွေ့ကျသည့် မိမိတို့၏ လုပ်ဆောင်ဖွယ်များကိုလည်း အလေးထားလုပ်ဆောင်ကြရမည်ဖြစ်သည်။

လူငယ်ဆိုသည်မှာ ရဲဝံ့စွန့်စားတတ်ပြီး လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ပျော်ရွှင်ခွင့်၊ လွတ်လပ်စွာ လုပ်ကိုင်ခွင့်များကို ခုံမင်မက်မောတတ်ပါသည်။ တစ်ချိန်က ကျောင်းစာသင်ကြားမှုပြီးဆုံးလျှင် အပြင်ကွင်းများတွင် လွတ်လပ်စွာလှုပ်ရှားကြ၏။ အကျိုးအပြစ်၊ အကောင်းအဆိုးတို့ကို လက်တွေ့ကျကျ သိရှိလာသော ထိုလူငယ်များသည် မိမိတို့ရရှိခဲ့သော အသိပညာ၊ အတတ်ပညာအလိုက် ယနေ့ အလွှာစုံနယ်ပယ်တို့၌ လူကြီးများအဖြစ် ရပ်တည်လှုပ်ရှားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

မျက်မှောက်ကာလ လူငယ်အများစုမှာ ပညာသင်ကြားမှုပြီးဆုံးသောအခါ ဝမ်းရေးအတွက် အချိန်ကုန်ခြင်းဖြင့်လည်းကောင်း၊ ဝမ်းရေးအတွက်မရှိက အွန်လိုင်းတွင် အချိန်ကုန်ခြင်းဖြင့်လည်းကောင်း လှုပ်ရှားရပ်တည်တတ်ကြသည်ကို တွေ့ရပါသည်။

ထိုသို့လှုပ်ရှားမှုပြုကြရာ၌ မှန်ကန်သော အသိအမြင်နှင့် လုပ်မှုကိုင်မှုများဖြစ်ဖို့ လိုမည်ဖြစ်သည်။ အထူးသဖြင့် လက်တွေ့မျက်မြင်မဟုတ်သည့် ကိစ္စရပ်များအတွက် မိမိနှင့်မိမိလူမျိုးအတွက် အကျိုးရှိသော အလုပ်များကိုသာ ရွေးချယ်တတ်ရန်နှင့် အရိပ်မည်းများကို သတိပြုဖို့၊ ရှောင်ရှားတတ်ဖို့လိုမည် ဖြစ်ပါသည်။ ။

## ပွင့်လင်းရာသီ၌ ပြန်မာလာသည့် သန်လျင်မြေဈေးကွက်

**သန်လျင် ဖေဖော်ဝါရီ ၁၀**

သန်လျင်အိမ်ခြံမြေဈေးကွက်မှာ သီတင်းကျွတ်ပြီးနောက်ပိုင်း သိသိသာသာ အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း သန်လျင်မြို့မှ ဝါရင့်အိမ်ခြံမြေအကျိုး ဆောင်များက ပြောကြားသည်။ သန်လျင်မြို့ သီလဝါလမ်းက ဧကကွက်တွေ၊ သန်လျင်မြို့တွင်းနှင့် အရောင်းအဝယ်အေးခဲ့သည့် မြို့သစ်ကဲ့သို့သော နေရာများတွင်ပါ ကြိုက်ဈေးခေါ်၍ အရောင်းအဝယ်ဖြစ်နေကြကြောင်း သိရ သည်။

"သန်လျင်မြို့ သီလဝါဆိပ်ကမ်းက ဧကကွက်တွေဆိုရင် ဧကထောင်ချီပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရတယ်။ သီလဝါဆိပ်ကမ်းလမ်းမှာ ဧက ၁၅၀၀ ဈေးစကားပြောပြီး အရောင်းအဝယ်ဖြစ်သွားတယ်" ဟု အိမ်ခြံမြေအကျိုးဆောင် အမျိုးသမီးတစ်ဦးက သူ့အတွေ့အကြုံကိုပြောပြသည်။ မြန်မာနိုင်ငံက တခြားပြည်ပနိုင်ငံများကို စီးပွားရေးဈေးကွက်ဖွင့်ထားပြီး ယင်းဧရိယာကို စက်မှုဇုန်အဖြစ် သတ်မှတ်ထားသောကြောင့် ကုမ္ပဏီပိုင်ရှင်များ၊ နိုင်ငံခြားမှစီးပွားရေး လုပ်ငန်းရှင်များ ဝယ်ယူကြကြောင်း သိရသည်။

**(မြတ်ဇော်လင်း)**



## မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းမှ စားဝတ်နေရေးအဆင်ပြေလုံလောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

"အောင်ဘာလေထီ သိန်းတစ်ထောင်ဆုပေါက်ရင်တောင် ဒီမိရိုးဖလာ စိုက်ပျိုးရေးအလုပ်ကိုသာ ဆက်လုပ်သွားမှာဖြစ်ပြီး ဒီမြေ ဒီစိုက်ခင်းကို ခန္ဓာကိုယ်ကမလိုက်နိုင်တော့မှ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကို ဆက်လက်ထိန်းသိမ်းနိုင်မယ့် သားသမီးကို ရွေးချယ်ပြီး လွှဲအပ်ပေးမယ်" ဟု ဇန်နဝါရီ ၂၈ ရက်က မြောက်ဥက္ကလာ (၅)ရပ်ကွက် မြဉယျာဉ်စိုက်ပျိုးရေးခြံမှ အသက်(၇၈)နှစ်ရှိ အဘဦးဖိုးချို မုံညင်းဖူးစိုက်ခင်းအတွင်း ရေဖျန်းနေစဉ်**(အပေါ်ပုံ)** တွေ့ဆုံခိုက် ပြောကြားချက်ကို ကြားသိခဲ့ရသည်။

ယင်းစိုက်ပျိုးရေးခြံတွင် နွေ၊ မိုး၊ ဆောင်းရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးပြီး တစိုက်မတ်မတ်လုပ်ကိုင်ခြင်းကြောင့် မိသားစုစားဝတ်နေရေးအတွက် လုံလောက်ရုံသာမက အလှူဒါနများတွင်လည်း ပါဝင်လှူဒါန်းနိုင်သည်။ ယခုအခါ ရာသီနှင့်လိုက်ဖက်သော သီးနှံဖြစ်သည့် မုန်ညင်းဖူးစိုက်ခင်း၊ နိုကိုဉစိုက်ခင်း၊ မြေဘုတ်ခရမ်းသီးစိုက်ခင်း၊ ဆလတ်ရွက်စိုက်ခင်း၊ မုန်ညင်းစိုက်ခင်း၊ မုန်လာပင်ပေါက်စိုက်ခင်းနှင့် နှစ်ရှည်သီးပင်များ စိုက်ပျိုးထားသည်။ ယင်းစိုက်ပျိုးရေးခြံစိုက်ခင်းများမှ ထွက်ရှိသည့် သီးနှံများကို ရန်ကုန်မြို့တွင်းရှိ ဈေးများတွင် ဈေးနှုန်းချိုသာစွာဖြင့် မိသားစုများ ကိုယ်တိုင်ဖြန့်ဖြူးရောင်းချပေးနေကြောင်း အဘဦးဖိုးချိုက ပြောပြသည်။ **(ထွန်းဝင်း)**

## တက္ကသိုလ်ကျောင်းသား ကျောင်းသူနှင့် ယာဉ်ပိုင်ရှင်များအကြား ဝန်ဆောင်မှုများအတွက် ညှိနှိုင်းမှုအဆင်ပြေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

တက္ကသိုလ်ကျောင်းတက်နေသော ကျောင်းသားကျောင်းသူများ၏ သွားလာမှုလွယ်ကူစေရေးအတွက် ယာဉ်ပိုင်ရှင်များကြားတွင် ညှိနှိုင်းစီစဉ်ပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ယာဉ်ပိုင်ရှင်တွေ ဘက်ကလည်း ကားပြုပြင်စရိတ်တွေ ရအောင်နဲ့ ကျောင်းသား ကျောင်းသူတွေလည်း သွားလာမှု လွယ်ကူစေဖို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေကို တင်ပြပြီး ခွင့်ပြုချက်နဲ့အညီ စီစဉ်ပေးခဲ့ပါတယ်"ဟု ၎င်းက ပြောကြားသည်။

အနောက်ပိုင်းတက္ကသိုလ်သို့ ပြေးဆွဲသော မထသ ၂၁၂ ယာဉ်လိုင်းတွင် လမ်းအခြေအနေကြောင့် တစ်ရက်လျှင် ယခင်က သုံးစီး၊ လေးစီးလောက်သာ ပြေးဆွဲရခြင်းရှိခဲ့ကြောင်း၊ ထိုအခါ ယာဉ်ပိုင်ရှင်များနှင့် ညှိနှိုင်းရာ ယာဉ်ပိုင်ရှင်များက ယာဉ်ပြင်ဆင်ရသောစရိတ်နှင့် ကာမိမှုမရှိခြင်းကြောင့် ပြေးဆွဲနိုင်မှုမရှိခြင်းအပေါ် ဆွေးနွေးကာ သက်ဆိုင်ရာသို့ ပြန်လည်တင်ပြ ခွင့်ပြုချက်တောင်းခံပေးခဲ့ကြောင်း၊ ထို့ကြောင့်"ဇဂ" အက္ခရာ City Bus များသာ ယခင်က အထူးလိုင်းအဖြစ် ပေးခဲ့သော်လည်း "၂၁၁"လိုင်းတွင် "၅ခ"အက္ခရာ နံပါတ်ယာဉ်များကိုပင် အထူးလိုင်းအဖြစ် ပေးခဲ့ခြင်းကြောင့် ယာဉ်ပိုင်ရှင်များအဖို့ ပြင်ဆင်စရိတ်လည်း ရရှိလာစေကာ ယခုတစ်ရက်လျှင် ၁၄ စီးလောက် ပြေးဆွဲနိုင်ပြီဖြစ်သလို တက္ကသိုလ်တက်သော ကျောင်းသား ကျောင်းသူများ၏ သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အနောက်ပိုင်းတက္ကသိုလ်သို့ ယင်းသို့ စီစဉ်ပေးမှုသာမကဘဲ အခြေပြုယာဉ်လိုင်း၊ ဖြတ်သန်းလိုင်း၊တိုးချဲ့လိုင်းများကို သတ်မှတ်ခေါက်ရေပြည့် ပြေးဆွဲနိုင်ရန် ကြပ်မတ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီး စာမေးပွဲကာလများတွင် တညင်းကုန်းလမ်းဆုံနှင့် အနောက်ပိုင်းတက္ကသိုလ်ကြားတွင် ခေါက်တိုယာဉ်များကို စီစဉ်ပြေးဆွဲစေခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဘက်က ဒီလိုစီစဉ်လုပ်ဆောင်ပေးမယ့် လောက်ငြီလို့တော့ မဆိုပါဘူး၊ လိုအပ်ချက်တွေတော့ ရှိနေဦးမှာပဲ၊ ဒါကိုလည်း တတ်နိုင်သမျှ သက်ဆိုင်ရာ တာဝန်ရှိသူတွေကိုတင်ပြပြီးတော့ ဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်"ဟု အဆိုပါ မထသ (ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ **ထက်ခိုင်(စမ်းချောင်း)**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်အတွင်း နေ့စဉ်ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ သွားလာမှုလွယ်ကူစေရန်အတွက် အချက်အချာကျသော လမ်းဆုံများတွင် ခေတ်မီခုံးကျော်တံတား (၃)စင်း တည်ဆောက်၍ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါတံတား (၃)စင်းအနက် ဘုရင့်နောင်ခုံးကျော်တံတား တည်ဆောက်နေစဉ် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် မော်တော်ယာဉ်များသည် ဖြူနီကျားနေရာတွင် ရပ်တန့်ခြင်းမပြုရန်၊ ခရီးသည်တင်ယာဉ်များ မှတ်တိုင်တွင်စနစ်တကျရပ်၊ တင်၊ ထွက်ပြုလုပ်ရန်နှင့် တံတားတည်ဆောက်နေစဉ် ကာလအတွင်းသည်းခံ၍ စနစ်တကျသွားလာကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်များ ယာဉ်စည်းကမ်း လမ်းစည်းကမ်းချိုးဖောက်မှုများ တွေ့ရှိပါက တည်ဆဲ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

ဂယာရွှေတိုး သံဝေဇနီယလေးဌာန-အိန္ဒိယ - နီပေါ ဘုရားဖူးအဖွဲ့
နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများ
(က)သံဝေဇနီယလေးဌာန (၇) ညအိပ် (၈) ရက်ခရီး ကျပ် ( ၇ သိန်း ) စရိတ်ငြိမ်း
(ခ)သံဝေဇနီယလေးဌာန - အဝိဇဟိတလေးဌာန - နယူးဒေလီ (တပ်ချုပ်မဟာ)
(၁၄) ညအိပ် (၁၅) ရက်ခရီး ကျပ် ( ၈ သိန်း ) စရိတ်ငြိမ်း
(၁) ၄-၃-၂၀၁၃ (၃) ၂၅-၃-၂၀၁၃ သကြိန်ခရီးစဉ် လိုက်ပါ
(၂) ၈-၃-၂၀၁၃ (၄) ၁၂-၄-၂၀၁၃ လိုသူများကို စတင်လက်ခံနေပါပြီ။
သီရိလင်္ကာ (ကန္ဒီ-ဗုဒ္ဓမြတ်စွယ်တော်) အနုရာဓပူရ (မူလတောဓိပင်-မဟာစေတီ) (၇)ရက်ခရီး
ဒေါ်ဝင်းဝင်းကိုယ်တိုင်ဦးဆောင်၍ ခရီးစဉ်တစ်လျှောက်နွေးထွေးသောဝန်ဆောင်မှုများဖြင့်ကူညီယူပါမည်။
အမှတ် (၆) ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၂၂၅၅၈၆၊ ၂၂၂၅၂၃၊ ၀၉-၅၁၃၇၀၁၅၆၊ ၀၉-၄၃၁၀၈၆၇၄၆

အင်တာနက်ဂျာနယ်
INTERNET journal
တနင်္လာနေ့တိုင်း ထွက်ပြီ
- အသစ်ခေါ်ယူမည့် ဆက်သွယ်ရေးအော်ပရေတာနှစ်ခုအနေဖြင့် တစ်နှစ်တာအတွင်း မိုဘိုင်းဖုန်းလိုင်း တစ်သန်းကိုသာ ချထားပေးခွင့်ရှိမည်
- BB အက္ခရာယာဉ်များကို တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)တွင် ဆောင်ရွက်ပေးပြီ
- တည်နေရာများကို ခြေရာခံနိုင်မည့်မိုဘိုင်း Application သစ်ကို Facebook ရေးဆွဲနေ
- အမေရိကန်ဗဟိုဘဏ်အမှုဆောင်များ၏ အချက်အလက်များကို ဟက်ကာများခိုးယူခဲ့
- ပင်မဆဲလ်အသုံးပြု၍ ကိုယ်အင်္ဂါတုများ ဖန်တီးရန်စီစဉ်နေ
- သင့် Android Device ကို အသုံးပြုရာမှာ မြန်ဆန်အောင်ထိန်းသိမ်းနည်း ၁၀ နည်း
IJ plus INTERNET JOURNAL
iOS 6 Jailbreaking
Editor - 09 730 32928 | Marketing - 09 492 14245

## ပြည်တွင်းရေးရာ

### ❈ ငြိမ်းချမ်းရေးမှ

ဦးသိန်းဇော်တို့က လည်းကောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုက ထောက်ပံ့လှူဒါန်းသော ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ကုန်မျိုးစုံတို့အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ တိုင်းမှူးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များက လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းသော ဆန်အိတ်များကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းကလည်းကောင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ထောက်ပံ့လှူဒါန်းသော အလှူငွေများကို အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က လည်းကောင်း၊ ထူးဖောင်ဒေးရှင်းနှင့် ခိုင်မာသောပန်းတိုင်ကုမ္ပဏီက ဆန်အိတ်များကို တာဝန်ရှိသူများက လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းသော စောင်များကို ဒုတိယဝန်ကြီး ဦးဘုန်းဆွေကလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒေသခံပြည်သူများက မြို့နယ်အလိုက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်မီးနှင့် သောက်သုံးရေဆိုင်ရာအခက်အခဲများ၊ နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် ဒေသဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒေသခံပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် ဒေသလိုအပ်ချက်နှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပြီးစီးမှု၊ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုလို ဒေသခံပြည်သူများက မိမိတို့ ဒေသလိုအပ်ချက်နှင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပွင့်ပွင့်လင်းလင်း ပြန်လည်ရှင်းလင်းဆွေးနွေးပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်သူတို့၏ ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ လွှတ်တော်တွင်လည်း ပြည်သူတို့၏ လိုအပ်ချက်များနှင့် အခက်အခဲများကို လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းနှင့် အဆိုများတင်သွင်း၍ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်သည် ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် ပြည်သူတို့၏ အခက်အခဲ၊ လိုအပ်ချက်နှင့် ဆန္ဒများကို လွှတ်တော်တွင် အားလုံးတိုင်ပင်ဆွေးနွေး မူဝါဒများချမှတ်ကာ ဥပဒေရေးဆွဲ ပြဋ္ဌာန်းလျက်ရှိကြောင်း၊ ထိုဥပဒေအတိုင်း သက်ဆိုင်ရာက အကောင်အထည်ဖော် ဆောင်ရွက်ရပါကြောင်း။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ ဒေသလိုအပ်ချက်များစွာရှိကြောင်း၊ ထို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရေးပြန်လည်သင့်မြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချင်းချင်း ပဋိပက္ခဖြစ်ပြီး ပစ်ခတ်တိုက်ခိုက်နေလျှင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်မည် မဟုတ်ကြောင်း၊ လွှတ်တော်တွင်လည်း ပြည်တွင်းငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေး အဆိုကိုတင်သွင်းဆွေးနွေးခဲ့ရာ အောင်မြင်ခဲ့ကြောင်း၊ ထိုသို့ လွှတ်တော်နှင့်သက်ဆိုင်ရာများ၏ ဆောင်ရွက်မှုများကြောင့် ယခုဆိုလျှင် ငြိမ်းချမ်းရေးရောင်နီသန်းလာပြီဖြစ်၍ နှစ်ဦးနှစ်ဖက် အချင်းချင်းဆက်သွယ်ကာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး ရည်မှန်းချက်ရောက်အောင် ဆောင်ရွက်ကြရန် အထူးလိုအပ်ပါကြောင်း။




**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ လွှတ်တော်များက ထောက်ပံ့လှူဒါန်းသော ဆန်၊ ဆီ၊ ဆား တို့ကို ဒေသခံပြည်သူများအား ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ဒေသရိက္ခာဖူလုံရေးနှင့် ပူတာအိုလွင်ပြင်ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် စပါးအပြင် ဒေသရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းနိုင်သော အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးကိုလည်း သက်ဆိုင်ရာဌာနပညာရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်ကြရန်နှင့် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တိုင်းရင်းသားအချင်းချင်း ရိုးသားပွင့်လင်းစွာ ပြောဆိုဆက်ဆံပြီး အပြန်အလှန်လေးစားကာ တည်ငြိမ်အေးချမ်းရေးမှတစ်ဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးအရ ခေတ္တ ပြောင်းရွှေ့ရောက်ရှိလာသည့် မိသားစုဝင်များနေထိုင်သော မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ဂျန်မိုင်ကောင်း နှစ်ခြင်းကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုလိုတိုင်းရင်းသားညီအစ်ကိုမောင်နှမများအား တွေ့ဆုံခွင့်ရ၍ ဝမ်းသာပါကြောင်း၊ သို့သော်လည်း ကိုယ့်အရပ်ဒေသကို စွန့်ခွာပြီး ယခုလိုရောက်ရှိနေသည့်အတွက် များစွာ စိတ်မကောင်းဖြစ်မိပါကြောင်း၊ မိမိနှင့်အတူ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများပါရှိလာပါကြောင်း၊ ကချင်ပြည်နယ် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ လွှတ်တော်အတွင်းတွင်လည်း ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် တစ်ဖက်နှင့်တစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပြည်သူအများဒုက္ခရောက်နေ၍ အမြန်ဆုံးအပစ်အခတ်ရပ်ဆိုင်းပေးရန်အဆိုမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုလျှင် ငြိမ်းချမ်းရေးရောင်နီသန်းလာပြီဖြစ်သောကြောင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ရန်နှင့် မိသားစုများ ကိုယ့်ဒေသကိုရောက်ရှိကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် တက်တက်ကြွကြွပါဝင်ရန် တိုက်တွန်းမှာကြားပြီး ကချင်ပြည်နယ် အေးချမ်းပါစေ၊ ဒုက္ခရောက်သူများလည်း ကင်းဝေးပါစေ၊ နိုင်ငံတော်ကြီးငြိမ်းချမ်းပါစေဟု အားလုံးနှင့်ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် ကယ်ဆယ်ရေးစခန်းရှိ မိသားစုဝင်များအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပေးအပ်သော တာပေါ်လင်စများ၊ Family Kit Set များနှင့် စောင်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ထောက်ပံ့ပေးအပ်သော လှူဒါန်းငွေများကို လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် သူရဦးအေးမြင့်နှင့် ဦးသိန်းဇော်တို့က လည်းကောင်း၊ လွှတ်တော်များက ထောက်ပံ့ပေးအပ်သော ဆန်အိတ်နှင့် ခေါက်ဆွဲဘူးများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်က ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ကယ်ဆယ်ရေးစခန်းရှိ မိသားစုဝင်များအား မိတ်ဆက်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒေသငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ ဒေသ၏အခက်အခဲများ၊ လိုအပ်ချက်များနှင့် ပြည်သူတို့၏ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လာရောက်ခြင်းဖြစ်၍ ဒေသခံပြည်သူများက မိမိတို့ဒေသ အခက်အခဲများနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန် ဖိတ်ခေါ်ပြောကြားသည်။

ထို့နောက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသော အလှူငွေများကို လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် သူရဦးအေးမြင့်နှင့် ဦးသိန်းဇော်တို့ကလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနက လှူဒါန်းသောဆန်အိတ်များကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက လည်းကောင်း၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ(ကချင်ပြည်နယ်)က လှူဒါန်းသော အလှူငွေများကို ပါတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား ကချင်တိုင်းရင်းသားရိုးရာဝတ်စုံကို ဆင်မြန်းပေးသည်။

ယင်းနောက်ဒေသခံမြို့မိမြို့ဖများ၏ ပြည်နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ၊ လိုအပ်ချက်များ၊ ဒေသတည်ငြိမ်အေးချမ်းမှုအခြေအနေနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှုနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အမြင်နှင့် သုံးသပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ဒေသခံပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် ဒေသလိုအပ်ချက်နှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပြီးစီးမှု၊ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းရေးကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူအားလုံးက အမှန်တကယ် တောင့်တလိုချင်နေကြောင်း၊ ကမ္ဘာကလည်း ငြိမ်းချမ်းရေးရရှိစေလိုကြောင်း၊ ပဋိပက္ခဖြစ်နေကြသည့် နှစ်ဦးနှစ်ဖက်အပြန်အလှန်နားလည်စာနာမှုရှိရှိဖြင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် သူ့ကြောင့် ငါ့ကြောင့်လို့ အပြန်အလှန်အပြစ်ဖို့အပြစ်တင်ပြောဆိုမှုမရှိဘဲ အတိတ်ကဖြစ်ပျက်ခဲ့သည်များကို သင်ခန်းစာယူပြီး ငြိမ်းချမ်းရေးရရှိအောင် ရှေ့ကို ဘယ်လိုဆောင်ရွက်မလဲဆိုတာကို ညှိနှိုင်းအဖြေရှာသင့်ပါကြောင်း။

လွှတ်တော်တွင်လည်း ပြည်သူ့ကိုယ်စားလှယ်များက ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် အစွမ်းကုန်ကြိုးစားဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီကို တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ ဖွဲ့စည်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း။

ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူများအားလုံးတွင် တာဝန်ရှိကြောင်း၊ ပြည်သူအားလုံးလိုလားနေသည့် ငြိမ်းချမ်းရေးမရခင် နှစ်ဦးနှစ်ဖက်အပစ်အခတ်ရပ်စဲရန် လိုအပ်ပါကြောင်း၊ ယခုလို ငြိမ်းချမ်းရေးရောင်နီသန်းနေသော အချိန်အခါမျိုးတွင် ငြိမ်းချမ်းရေးကိုထိခိုက်စေနိုင်သော အပြောအဆို၊ အသုံးအနှုန်းများကိုလည်း သတိပြုရှောင်ရှားစေလိုကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် သည်းခံနိုင်ရန်၊ နားလည်မှုရှိရန်၊ ဇွဲရှိရန်နှင့် သတ္တိရှိရန် အထူးလိုအပ်ပါကြောင်း၊ သတ္တိဆိုသည်မှာ မိုက်မဲခြင်းနှင့် မယှဉ်သော တာဝန်ကျေပွန်မှု ဖြစ်ပါကြောင်းနှင့် ပြည်သူလူထုက ဝိုင်းဝန်းလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားခဲ့သည်။**(သတင်းစဉ်)**

### ❖ အမေရိကန်မှ

နယူးယောက်မြို့တွင်လည်း နှင်းများထူထပ်စွာ ကျရောက်လျက်ရှိပြီး ယခုနှင်းကျရောက်မှုမှာ စံချိန်သစ်ဖြစ်မည်ဟု မျှော်လင့်ရသည်။ နယူးယောက်မြို့တော်ဝန် မိုက်ကယ် ဘလွန်းဘာ့ဂ်က နယူးယောက်မြို့တော်သူ မြို့တော်သားများအား ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတိရှိကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

နှင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် လေကြောင်းလိုင်း ၅၀၀၀ ကျော် ဖျက်သိမ်းခဲ့ရပြီး ဘော့စတွန်မြို့ရှိ လိုဂန်လေဆိပ်မှာ ပိတ်ထားခဲ့ရသည်ဟုဆိုသည်။ ဘော့စတွန်မြို့တွင် တစ်ညလုံးကျသည့် နှင်းထုမှာ ၂၃ လက်မရှိပြီး ၂၀၀၃ ခုနှစ်က စံချိန်ဖြစ်သည့် ၂၇ လက်မကို ကျော်လွန်ရန် နီးစပ်နေပြီဟုဆိုသည်။ **ဆင်ဟွာ။**






## နိုင်ငံတကာသတင်း

# ဂျာမနီပညာရေးဝန်ကြီး ဒေါက်တာဘွဲ့ရုပ်သိမ်းခံရ၍ ရာထူးမှနုတ်ထွက်

ဘာလင် ဖေဖော်ဝါရီ ၁၀

ဂျာမနီအစိုးရအဖွဲ့မှ ပညာရေးဝန်ကြီးသည် ၎င်း၏ ဒေါက်တာဘွဲ့ကို ပြန်လည်ရုပ်သိမ်းခြင်းခံရပြီးနောက် ရာထူးမှနုတ်ထွက်သွားကြောင်း စနေနေ့ အင်တာနက်သတင်း၌ ဖော်ပြသည်။

ယခုဝန်ကြီး နုတ်ထွက်ခြင်းသည် အန်ဂျလာမာကဲလ်၏အစိုးရအဖွဲ့၌ နှစ်နှစ်အတွင်း ဒုတိယအကြိမ် ဝန်ကြီးတစ်ဦးနုတ်ထွက်ခြင်းဖြစ်သည်။

ဝန်ကြီး အန်နက်တီအက်စ်ရှာဗန်၏ နုတ်ထွက်လွှာကို ဝမ်းနည်းကြေကွဲစွာဖြင့် သူမလက်ခံခဲ့ပါသည်ဟု ဝန်ကြီးချုပ်မာကဲလ်က ပြောကြားသည်။

ဝန်ကြီးချုပ်တာဝန်ကို တတိယအကြိမ် ထမ်းဆောင်ခွင့်ရရှိရန် ကြိုးပမ်းနေသော ဂျာမနီဝန်ကြီးချုပ်ကို အရှက်ရစေခဲ့သည့် ဤဖြစ်ရပ်သည် ဒူဆီးလ်ဒေါ့ဖ်တက္ကသိုလ်က ပညာရေးဝန်ကြီး အက်စ်ရှာဗန်၏ ဒေါက်တာဘွဲ့ကို တရားမဝင်ဟု သတ်မှတ်လိုက်ပြီးနောက် လေးရက်အကြာတွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယင်းသို့တက္ကသိုလ်က သတ်မှတ်သည့်အကြောင်းမှာ သူမ၏ဒေါက်တာဘွဲ့အတွက် ပြုစုသောစာတမ်းမှ အစိတ်အပိုင်းအချို့သည် ကိုယ်တိုင်ဖန်တီးခြင်းမဟုတ်ဘဲ ကူးယူထားခြင်းဖြစ်သောကြောင့်ဟု ဆိုသည်။

၂၀၁၁ခုနှစ်ကလည်း ကာကွယ်ရေးဝန်ကြီးဖြစ်သူ ကားလ်သီအိုဒေါဇူဂူတဘတ်သည် စာတမ်းကူးယူမှုအကြောင်းပြု၍ ရာထူးမှနုတ်ထွက်ခဲ့သည်။

အသက်(၅၇)နှစ်ရှိ အက်စ်ရှာဗန်က သူမ၏ ဒေါက်တာဘွဲ့ တရားမဝင်ကြောင်း သတ်မှတ်ခံရခြင်းကို တရားဝင် ရင်ဆိုင်ဖြေရှင်းသွားမည်ဟု ပြောသည်။

ဒေါက်တာဘွဲ့စာတမ်းကို ခိုးကူးခဲ့သည်ဟူသော စွပ်စွဲချက်သည် အထူးသဖြင့် ဂျာမနီတက္ကသိုလ်များကို ကွပ်ကဲရသော ပညာရေးဝန်ကြီးအား အရှက်တကွဲ အကျိုးနည်းဖြစ်စေခဲ့သည်။ ကာကွယ်ရေးဝန်ကြီး ဂူတင်ဘတ်သည်၎င်း၏ဒေါက်တာဘွဲ့ ရုပ်သိမ်းခံရပြီးနောက် တစ်လကြာ ရာထူးမှနုတ်ထွက်စဉ်က အက်စ်ရှာဗန်က ပစ်ပစ်ခါခါ ဝေဖန်ခဲ့ဖူးသည်။

**အင်တာနက်။**

## ထိုင်းတောင်ပိုင်းတွင် ကားဗုံးတစ်လုံးပေါက်ကွဲ တပ်ဖွဲ့ဝင်ငါးဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၁၀

ထိုင်းနိုင်ငံတောင်ပိုင်း၌ ဖေဖော်ဝါရီ ၁၀ ရက်က စစ်သွေးကြွများလက်ချက်ဟု ယူဆရသော ကားဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ ဖြစ်စဉ်ကြောင့် တပ်ဖွဲ့ဝင်ငါးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မလေးရှားနိုင်ငံနှင့်နယ်ချင်းဆက်နေသော ပြည်နယ်များအနက်တစ်ခုဖြစ်သည့် ပြည်နယ်ရှိ ယာလာကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးကင်းလှည့်သည့် ယာဉ်တန်းဖြတ်သန်းသွားလာစဉ် ကားဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့် တပ်ဖွဲ့ဝင်ငါးဦးသေဆုံးကာ ခြောက်ဦးဒဏ်ရာရရှိသည်။

စစ်သွေးကြွ ၁၀ ဦးခန့်က ယင်းလမ်းကြောင်းအနီးတစ်ဝိုက်တွင် ပုန်းအောင်းနေပြီး အခြားကားတစ်စီးတွင် ဗုံးထောင်ကာဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်က အေအက်ဖ်ပီသတင်းဌာနသို့ တယ်လီဖုန်းဖြင့်ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုတွင် ရော်ဘာစိုက်ခင်း၌ လုပ်ငန်းခွင်ဝင်ရောက်နေသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ဒဏ်ရာရရှိကြောင်း ၎င်းကပြောကြားသည်။

**အင်တာနက်။**





REUTERS

# နဂါးနှစ်မှ မြွေနှစ်သို့ ကူးပြောင်းမည့် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် အာရှတစ်ဝန်း၌ကျင်းပ

ပေကျင်း ဖေဖော်ဝါရီ ၁၀

အာရှတိုက်ဒေသအများစုတွင် အရေးပါဆုံးသော နှစ်ပတ်လည် အားလပ်ရက်ဖြစ်သည့် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော်ကို ပြည်သူသန်းပေါင်းများစွာတို့က ယနေ့တွင် ဆင်နွှဲကျင်းပကြသည်။

မိသားစုပြန်လည်ဆုံတွေ့မှုများ၊ မီးရှူးမီးပန်းပစ်ဖောက်မှုများနှင့်အတူ နှစ်သစ်မင်္ဂလာကြိုဆိုပွဲ အခမ်းအနားများကို တရုတ်နိုင်ငံ၌ ယမန်နေ့ည သန်းခေါင်ယံတွင် စတင်ကျင်းပကြသည်။ **(အပေါ်ပုံ)**

တရုတ်ရိုးရာပြက္ခဒိန်အရ နဂါးနှစ်ဖြစ်သော နှစ်ဟောင်းကုန်ဆုံး၍ မြွေနှစ်ကိုကူးပြောင်းမည့် နှစ်သစ်ကူးအထိမ်းအမှတ်ကို ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

ယင်းနှစ်သစ်ကူးအကြိုကာလအတွင်း၌ တရုတ်နိုင်ငံတွင်းရှိ ဒေသအသီးသီးတွင် မိသားစုများ ပြန်လည်တွေ့ဆုံနိုင်ရန် ကူးသန်းသွားလာမည့် ခရီးသွားဦးရေမှာ ခန့်မှန်းခြေ သန်း ၂၀၀ ခန့်ရှိပြီး ယင်းမှာ ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော လူဦးရေရွှေ့ပြောင်းမှုပမာဏဟု ယုံကြည်ရဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ တရုတ်နှစ်သစ်ကူး အားလပ်ရက်ကာလကို ယခုရက်သတ္တပတ်ကုန်အထိ သတ်မှတ်ဆင်နွှဲသွားမည်ဖြစ်၍ ယင်းရက်များအတွင်း တရုတ်နိုင်ငံတွင် အစိုးရရုံးများနှင့် စီးပွားရေးလုပ်ငန်းများကို ပိတ်ထားမည်ဖြစ်သည်။

**ဘီဘီစီ။**



ဆေးရုံကို ဆေးကုသစရိတ်အဖြစ် ကလေးအမြွှာထဲမှ တစ်ယောက်ကို ရောင်း၍ပေးခဲ့ရသည်။ နောက်ပိုင်း၌ ရောင်းလိုက်သော ကလေးကို ပြန်လည်ရရှိခဲ့သည့် မိသားစု။

# အင်ဒိုရဲတပ်ဖွဲ့ ကလေးမှောင်ခိုဂိုဏ်းကို စစ်ဆေးလျက်ရှိ

ဂျကာတာ ဖေဖော်ဝါရီ ၁၀

မသင်္ကာဖွယ်ရာ ကလေးမှောင်ခိုဂိုဏ်း တစ်ဂိုဏ်းကို စုံစမ်းလျက်ရှိကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်ဟု ဖေဖော်ဝါရီ ၈ ရက် ဘီဘီစီသတင်း၌ ဖော်ပြသည်။

၎င်းဂိုဏ်းသည် ကလေးများကို စင်ကာပူနိုင်ငံသို့ ခေါ်သွားပြီး ယင်းနိုင်ငံမှတစ်ဆင့် အခြားနိုင်ငံများသို့ ရောင်းစားလျက်ရှိသည်ဟု ယူဆရသည်။

ဝမ်းဆွဲဆရာမများပါဝင်သော လူခုနစ်ဦးနှင့် မိမိ၏ရင်သွေးအား ရောင်းစားသည်ဟု မသင်္ကာသော မိခင်တစ်ဦးတို့ကို ဖမ်းဆီးထားကြောင်း၊ ကလေးသုံးယောက်ကိုလည်း ကယ်ဆယ်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

၎င်းကလေးများကို တစ်ယောက်လျှင် ဒေါ်လာ အနည်းငယ်စီပေး၍ ဆင်းရဲသောမိဘများထံမှ ဝယ်ယူလာခဲ့ကြသည်ဟု စစ်ဆေးသူများက ပြောသည်။

စင်ကာပူသို့သွားမည့် လက်မှတ်များကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်ဟု ပြောသည်။

ကလေးများကို မွေးစားရန်အတွက် နိုင်ငံအသီးသီးမှ မိဘများထံသို့ ရောင်းစားခဲ့ကြောင်း အထောက်အထားများရှိသည်ဟု ကလေးများ ကာကွယ်စောင့်ရှောက်ရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။ ယင်းအပြင် ဤလုပ်ငန်းများကို ၁၉၉၀ပြည့်နှစ်လယ်ပိုင်းမှစ၍ လုပ်ဆောင်နေကြသည်ဟုဆိုသည်။

ငွေကြေးအမြောက်အမြားရရှိမည့်အပြင် ချမ်းသာကြွယ်ဝသောမိသားစုနှင့်အတူနေရသည့်အတွက် ကလေးများ၏လူနေမှုဘဝ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဆင်းရဲသောမိဘများကို ဖြားယောင်းပြောဆို၍ ၎င်းတို့ထံမှ ကလေးများကို ဝယ်ယူကြသည်ကိုတွေ့ရသည်ဟု စုံစမ်းစစ်ဆေးရာမှ သိရသည်ဟုဆိုသည်။

ကလေးတစ်ယောက်လျှင် ရူပီးသန်း ၂၀၊ သို့မဟုတ် ကလေးများ၏ ရုပ်ဆင်းအင်္ဂါလှပမှုကိုလိုက်၍ ရူပီးသန်း ၄၀အထိ မိခင်များကိုပေးကြသည်ဟု ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဘီဘီစီ။**













## ပြည်တွင်း၊ ပြည်ပရေးရာ

## ဖတ်ဖွယ်အဖုံဖုံ နိုင်ငံတကာသတင်းအစုံစုံ

### ကနေဒါရေတပ်အရာရှိဟောင်း သူလျှိုလုပ်မှုဖြင့် ထောင်နှစ် ၂၀ ကျ

ကနေဒါရေတပ်အကြံပေးအရာရှိဟောင်းတစ်ဦးကို သူလျှိုလုပ်ခဲ့မှုဖြင့် ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။ ဂျက်ဖရီဒီလစ်စလီအမည်ရှိ အဆိုပါပုဂ္ဂိုလ်အား မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ၏ အရေးကြီး လျှို့ဝှက်သတင်းအချက်အလက်များကို ရုရှားနိုင်ငံသို့ ပေးပို့မှုဖြင့်ယခုလို ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါပြစ်မှုကြောင့် ဂျက်ဖရီအား ပြီးခဲ့သည့်နှစ် ဇန်နဝါရီလအတွင်းက ဖမ်းဆီးခဲ့ပြီး ဒဏ်ငွေ ပေါင် ၇၀၀၀၀ ကျခံစေရန် ကနဦးကာလက ပြစ်ဒဏ်ချမှတ်ပြီးနောက် ယခုအခါ ထောင်ဒဏ် အနှစ် ၂၀ ထပ်မံချမှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ကနေဒါရေတပ် အထူးထိပ်တန်းလျှို့ဝှက်ချက်များ ထိန်းသိမ်းရေးဌာနတွင် လေးနှစ်တာလုပ်ကိုင်ခဲ့ပြီး ယင်းကာလအတောအတွင်း အမေရိကန်အပါအဝင် နေတိုး၏ မဟာမိတ်အဖွဲ့ဝင်နိုင်ငံများ၏ ထိပ်တန်းလျှို့ဝှက်ချက်သတင်းအချက်အလက်များကို မန်မိုရီစတစ်ခ်ဖြင့် ကူးယူကာ မော်စကိုမြို့သို့ လက်ထောက်ချပေးပို့ခဲ့ကြောင်း သိရသည်။

### နားအေးပါးအေးစီးရမည့် မလေးရှားလေကြောင်းလိုင်း၏ အစီအစဉ်

လေယာဉ်ပျံစီးနင်းနေစဉ်အတောအတွင်း လေယာဉ်ပေါ်ပါရှိသည့် ကလေးငယ်များ လျှောက်သွား၊ အော်ဟစ်၊ ငိုယိုသံများကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေရသည့် ခရီးသည်များအတွက် မလေးရှားလေကြောင်းလိုင်းတစ်ခုမှ အထူးအစီအစဉ်တစ်ရပ်ကို စတင်အကောင်အထည် ဖော်လိုက်ပြီဖြစ်သည်။ဩစတြေးလျ Gold Coast လေဆိပ်မှ ကွာလာလမ်ပူသို့ တစ်ပတ်ငါးရက်ပြေးဆွဲနေသည့် Air Asia X လေကြောင်းမှ လေယာဉ်များတွင် " ငြိမ်သက်ခြင်းဇုန်"ဟုသတ်မှတ်ထားသည့် ရိုးရိုးတန်းထိုင်ခုံ ခုနစ်တန်းအတွက် အသက် (၁၂) နှစ်အထက် ရှိသူများသာ စီးနင်းခွင့်ပြုထားကြောင်း သိရသည်။ လေယာဉ်ပေါ်တွင် ပါရှိသည့် ထိုင်ခုံအရေအတွက်အားလုံး၏ အရေအတွက်မှာ ၃၇၇ ရှိပြီး "ငြိမ်သက်ခြင်းဇုန်"အတွက် သီးသန့်အဖြစ် ထိုင်ခုံအရေအတွက် ၆၃ ခုံကို ရယူထားသည်။ စိတ်ငြိမ်မှုကိုလိုအပ်သော ခရီးသည်များအနေဖြင့် ငြိမ်သက်ခြင်းဇုန်ကို ရွေးချယ်စီးနင်းနိုင်ပြီး ပုံမှန်ထိုင်ခုံနေရာနှုန်းထားထက် ၁၅ ဒေါ်လာ အပိုဆောင်ပေးရမည်ဖြစ်သည်ဟု ဆိုသည်။

### သတင်းစာဖတ်ရာတွင် ဘာသာပြန်ပေးနိုင်သည့် Application

ဂျပန်သတင်းစာတစ်စောင်သည် ၎င်းတို့သတင်းစာတွင် တင်ပြထားသည့် ဆောင်းပါးများနှင့် ကလေးငယ်များအကျွမ်းတဝင်ရှိစေရန် ယင်းတို့ကို ဘာသာပြန်ပေးနိုင်သည့် စမတ်ဖုန်း Application တစ်ခုကို မိတ်ဆက်ခဲ့ကြောင်း သိရသည်။ ဂျပန်နိုင်ငံ၏အထင်ကရ နေ့စဉ်ထုတ်သတင်းစာတစ်စောင်ဖြစ်သည့် တိုကျိုရှင်ဘွန်း သတင်းစာသည် ကြော်ငြာလုပ်ငန်းစုတစ်စုဖြစ်သည့် ဒန်ဆုကုမ္ပဏီနှင့် ပူးပေါင်းပြီး AR News Application တစ်ခုကို လုပ်ဆောင်လျက်ရှိသည်။ ယင်းသတင်းစာ၏ အဆိုအရ အဆိုပါ AR News Application ထည့်သွင်းထားသည့် စမတ်ဖုန်းကို သတင်းစာစာမျက်နှာပေါ်သို့ တင်လိုက်ပါက ဖုန်း၏ဖန်သားပြင်တွင် သတင်းစာစာမျက်နှာတွင်ပါဝင်သော အကြောင်းအရာများကို ကာတွန်းဇာတ်ကောင်များက ရှင်းလင်းစွာ သရုပ်ပြသွားမည်ဖြစ်ကြောင်း၊ အဆိုပါနည်းပညာကို Version နှစ်မျိုးဖြင့်ထုတ်လုပ်မည်ဖြစ်ပြီး တစ်မျိုးမှာ အရွယ်ရောက်သူများအတွက်ဖြစ်ကာ တစ်မျိုးမှာ ကလေးများအတွက်ဖြစ်သည်ဟု ဆိုသည်။

ဟိန်းထက်လင်း စုစည်းဖော်ပြသည်



## ရွှေကျင်နိကာယ ဝိနယဓမ္မ စာဖြေ/စာပြန်ပွဲ ပုသိမ်၌ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၁၀**

ပုသိမ်ခရိုင်လုံးဆိုင်ရာ အကြိမ်(၃၀)မြောက် ရွှေကျင်နိကာယ ဝိနယဓမ္မ စာဖြေ/စာပြန်ပွဲကို ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် နိဂြောဓလမ်း မဟာဝိသုဒ္ဓါရာမ မောင်းထောင်ပရိယတ္တိစာသင်တိုက်၌ ဖေဖော်ဝါရီ ၅ ရက်မှ စတင်ကျင်းပရာ **(အပေါ်ပုံ)** ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ မြို့နယ် သံဃနာယကဆရာတော်ကြီးများနှင့် ဝိနည်းပြန်ဌာနဂိုဏ်းချုပ်ဂိုဏ်းထောက်ဆရာတော်ကြီးများနှင့် ၂၆ မြို့နယ်မှ စာထောက်/စာမ/စာဖြေ/စာပြန် သံဃာအပါး ၇၀၀ ကျော်နှင့် ဧရာဝတီတိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပုသိမ်မြို့နယ် သာသနာ့အကျိုးဆောင်အဖွဲ့ဝင်များ၊ အလှူရှင်ဒါယကာ ဒါယိကာမများ စုံညီစွာတက်ရောက်ကြသည်။ အဆိုပါ စာဖြေ/စာပြန်ပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

## မော်လူးဘူတာရှိ "စာချစ်သူ"စာပေရေချမ်းစင်သို့ စာအုပ်စာစောင်များ လှူဒါန်း

**မော်လူး ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဘူတာ၌ ဖွင့်လှစ်ထားသော "စာချစ်သူ" စာပေရေချမ်းစင်သို့ စာအုပ်စာပေ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၁ နာရီခွဲတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အစီအစဉ်အရ စာအုပ်စာစောင်များကို ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးချိုမောင်၊ အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဒုဦးစီး ဦးကျော်သီဟနှင့် ဒေါ်ငြိမ်းအိအိဖြိုးတို့က "စာချစ်သူ" စာပေရေချမ်းစင်အတွက် ဝတ္ထုတိုစာအုပ်များနှင့် ဂျာနယ်မျိုးစုံကို မော်လူးဘူတာ တာဝန်ခံရုံပိုင်ကြီး ဦးသန့်ဇင်မြင့်ထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ယခု ဖွင့်လှစ်ထားရှိသည့် မော်လူးဘူတာစာပေရေချမ်းစင်တွင် ဖွင့်လှစ်ထားရှိသော "စာချစ်သူ" စာပေရေချမ်းစင်သည် ပိတ်ရက်မရှိ ၂၄ နာရီ ဖွင့်လှစ်ထားသောကြောင့် မန္တလေးမှ မြစ်ကြီးနားဘက်သို့ ခရီးသွားသည့် ခရီးသည်များနှင့် မော်လူးဒေသတွင်းရှိ ပြည်သူများ၊ အထူးသဖြင့် ရထားစီးနင်းမည့် ခရီးသည်များ၊ ဌာနဆိုင်ရာ အစိုးရဝန်ထမ်းများ လာရောက်၍ စာပေဖတ်ရှုခွင့်ရရှိသောကြောင့် မော်လူးဘူတာရှိ "စာချစ်သူ" စာပေရေချမ်းစင်မှာ အစဉ်ထာဝရ ရှင်သန်လျက်ရှိနေကြောင်း သိရသည်။

**(၆၈၅)**

## ရွှေဆည်းလည်းမုဋ္ဌောစေတီတော်အား ပြန်လည်တည်ထားရန်စီစဉ်

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ပေါင်းကူးဆက်သွယ်ပေးသည့် ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ)တည်ဆောက်စဉ်က စစ်ကိုင်းဘက်ကမ်း တကောင်းရပ်ကွက်တွင် တည်ရှိခဲ့သည့် ရှေးဟောင်းရွှေဆည်းလည်းမုဋ္ဌောစေတီတော်သည် ချဉ်းကပ်လမ်းအကြောင်းနှင့် မလွတ်ကင်းသဖြင့် ဖျက်သိမ်းခဲ့ရသည်။ ရွှေဆည်းလည်းမုဋ္ဌောစေတီတော်မှ ဌာပနာပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပြီးနောက် ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၂)က တာဝန်ယူကာ စေတီတော်တစ်ဆူကို အစားထိုးတည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခု ပြန်လည်တည်ဆောက်ပေးမည့် ရွှေဆည်းလည်းမုဋ္ဌောစေတီတော်သည် ဉာဏ်တော်အမြင့် ၇၂ ပေ၊ ထီးတော်၁ ပေခွဲနှင့် ဖိနပ်တော် ၇၂ ပေ ရှိပြီး မုခ်ဦးလေးဖက်ပါ ထူပါရာမပုံစံ လိုဏ်ဂူစေတီတော်ဖြစ်ကြောင်း သိရသည်။ ရွှေဆည်းလည်းမုဋ္ဌောစေတီတော်ကို သမိုင်းဝင်သစ္စာစေတီ၏ တောင်ခြေရင်း ရတနာပုံတံတား ချဉ်းကပ်တိုင် အမှတ် (၅) နှင့် (၆) အနီးတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်း ဦးဆောင်သည့် အင်ဂျင်နီယာများက အများကောင်းမှုဖြင့် အစားထိုး ပြန်လည်တည်ထားမည်ဖြစ်သည်။

"စေတီတော်နေရာကို မြေတိုင်းတာ စမ်းသပ်ခြင်းတွေလုပ်နေပါတယ်။ ဘုရားပန္နက်တင်မင်္ဂလာကို ၃ ရက်နေ့က ကျင်းပတယ်။ အခုသံဃာတော်တွေ ပင့်ဖိတ်ပြီး အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်ကြီးနဲ့ ငါးရက် ကျင်းပပူဇော်နေတာပါ။ စေတီတော်ကို တစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမှာပါ"ဟု စေတီတော်တည်ဆောက်ရေးကို တာဝန်ယူဆောင်ရွက်နေသည့် အင်ဂျင်နီယာတစ်ဦးက ပြောပြသည်။

" အင်္ဂလိပ်ခေတ် အင်းဝတံတားကြီး တည်ဆောက်တုန်းက သမိုင်းဝင် ရန်အောင်မြင်ဘုရားကြီး လမ်းနဲ့ မလွတ်ကင်းလို့ ပါသွားခဲ့တယ်။ ဌာပနာပစ္စည်းတွေကို ထူပါရုံဘုရားနားက ဓာတ်ပေါင်းစုတိုက်မှာ ထိန်းသိမ်းထားခဲ့တာ။ အခုထိ ဘုရားပြန်မတည်ဖြစ်ခဲ့ဘူး။ အခုရတနာပုံတံတားကြီး တည်ဆောက်တော့ မလွတ်ကင်းတဲ့အတွက် ရွှေဆည်းလည်းမုဋ္ဌောဘုရား ပါသွားခဲ့တယ်။ အခုကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်အစိုးရခေတ်ဖြစ်လို့သာ ဖျက်သိမ်းလိုက်ရတဲ့ဘုရားကို ပြန်တည်ပေးနိုင်တာဟာ ဝမ်းသာစရာပါပဲ" ဟု တကောင်းရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

**(နန္ဒာမင်းလွင်)**

## အင်းတော်၌ လျှပ်စစ်မီးတိုင်များ အစားထိုးတပ်ဆင်

**အင်းတော် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့အတွင်းရှိ မြို့တွင်း လျှပ်စစ်ဓာတ်အား မီးတိုင်များကို အဆင့်မြှင့်တင်သည့်အနေဖြင့် သံကူကွန်ကရစ် လျှပ်စစ်ဓာတ်အား မီးတိုင်များဖြင့် အစားထိုးပြောင်းလဲ တပ်ဆင်လျက်ရှိကြောင်း သိရသည်။ **(ဓါတ်ပုံ)**



အင်းတော်မြို့ အတွင်းတွင် သွယ်တန်းထားသော လျှပ်စစ်ဓာတ်အားမီးတိုင်များမှာ အများအားဖြင့် သံတိုင်များတပ်ဆင်ထားရာ လျှပ်စစ်အန္တရာယ် ကင်းဝေးရန်အတွက် အဆိုပါ သံကူကွန်ကရစ်ဓာတ်အားတိုင်များအား အဆင့်မြှင့်တပ်ဆင်ရခြင်းဖြစ်ကြောင်း သိရသည်။

**(ကျော်သီဟ)**

မီး သတိပြု



ပြည်တွင်းရေးရာ

# တန့်ဆည်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် သစ္စေးကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) စိန်ရတနာ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကျောင်းဆောင်သစ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်ကို ကြည့်ရှုကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်**(အပေါ်ယာပုံ)**က ပြည်သူတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာန၏ ကုန်သွယ်မှုလုပ်ငန်းများနှင့် ပို့ကုန်/ သွင်းကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသဖွံ့ဖြိုးရေးအတွက် ကျောင်းများ တိုးချဲ့ဆောက်လုပ်အဆင့်မြှင့်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှွေက ဝန်ကြီးဌာန၏ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အတွက် ငွေကျပ် ငါးသိန်း၊ Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်တော်ပေါက်(တောင်) ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးကြပြီး ကျောင်းအတွက် ငွေကျပ် ၁၀ သိန်း၊ ရုပ်မြင်သံကြားပြစက်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်ကုက္ကားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးကြပြီး ကျောင်းခွဲအတွက် Sky Net ရုပ်သံဖမ်းစက်၊ အားကစားပစ္စည်း၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အိန္ဒိယအောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar ခေါင်းဆောင်သော အိန္ဒိယလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မကြာမီ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

အိန္ဒိယအောက်လွှတ်တော်ဥက္ကဋ္ဌသည် အိန္ဒိယနိုင်ငံ၏ (၁၅)ကြိမ်မြောက် အောက်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ၂၀၀၉ ခုနှစ် မေလမှ စတင်ဆောင်ရွက်လျက်ရှိသည်။ သူမအား ၁၉၄၅ ခုနှစ် မတ်လတွင် ဘီဟာပြည်နယ် ပတ္တနာမြို့၌ မွေးဖွားခဲ့သည်။ ဒေလီတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ ဥပဒေဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်ဘာသာ)ရရှိခဲ့ပြီး စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် စပိန်ဘာသာအဆင့်မြင့် ဒီပလိုမာရရှိခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး စပိန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံခြားရေးဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပြီး (၈)ကြိမ်မြောက် အောက်လွှတ်တော် ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရခဲ့သည်။ ၁၉၈၅ ခုနှစ်မှစ၍ အိန္ဒိယပါလီမန်အဖွဲ့၊ အဖွဲ့ဝင်တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်ကော်မတီ အထွေထွေအတွင်းရေးမှူးတာဝန်ထမ်းခဲ့သည်။ (၁၁)ကြိမ်၊ (၁၂)ကြိမ်၊ (၁၄)ကြိမ်နှင့် (၁၅)ကြိမ်မြောက် အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ Social Justice and Empowerment ဝန်ကြီးဌာန၊ Water Resources ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ကဗျာစပ်ဆိုခြင်း၊ ဂန္ထဝင်ဂီတနှင့် အက၊ သေနတ်ပစ်၊ မြင်းစီးဝါသနာပါကြောင်း၊ အိန္ဒိယ လက်မှုပညာနှင့် ရိုးရာအထည်အလိပ်များ စိတ်ဝင်စားကြောင်း သိရှိရသည်၊ ခင်ပွန်းသည် တရားလွှတ်တော်ချုပ်ရှေ့နေ မစ္စတာ မန်ဂျူကူးမားနှင့် သားတစ်ယောက်၊ သမီးနှစ်ယောက် ထွန်းကားခဲ့ကြောင်း သိရှိရသည်။



**အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Honourable Smt. Meira Kumar**

**(သတင်းစဉ်)**







❍ **ကမ္ဘာလှည့်ခရီးသည်များမှ**

မျက်နှာမူလျက် တည်ရှိသည်။ ငပလီကမ်းခြေသည် မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး ကမ်းခြေတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံသာမက အရှေ့တောင်အာရှတွင် နာမည်ကျော် စခန်းတစ်ခုလည်း ဖြစ်သည်။ ကမ်းခြေတစ်လျှောက် တည်ဆောက်ထားသော ဟိုတယ်အများအပြား၊ အပန်းဖြေစခန်းများနှင့် ဂေါက်ကွင်းများဖြင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ရာ မြန်မာနိုင်ငံ၏ အဓိကနေရာတစ်ခုလည်းဖြစ်သည်။ ရန်ကုန်မှ ငပလီကမ်းခြေသို့ ကားဖြင့်လည်းကောင်း၊ လေယာဉ်ဖြင့် သံတွဲလေဆိပ်မှတစ်ဆင့် သွားနိုင်သည်။

**ဗျူးပွိုင့်ကမ်းခြေ**သည် ရခိုင်ပြည်နယ် စစ်တွေမြို့၏ တောင်ဘက်စွန်းတွင် တည်ရှိပြီး ပွိုင့်ကမ်းခြေဟုလည်း လူသိများသည်။ ထိုကမ်းခြေတွင် ၁၈ ပေ နီးပါးမြင့်သော ကြည့်မျှော်စင်တစ်ခုရှိသည်။ သဲသောင်ပြင်သို့ မဆင်းမီ ကြည့်မျှော်စင်နှင့် ဆက်စပ်လျက် ရင်ပြင်တစ်ခုရှိပြီး ထိုရင်ပြင်တွင် ငါးပေခန့်ရှည်သော ရှေးဟောင်းအမြောက်တစ်လက်ရှိသည်။ ထိုရင်ပြင်၏ အစွန်းသည် တောင်ဘက်ယွန်းယွန်းသို့ ဦးတည်လျက်ရှိပြီး ထိုတည့်တည့်တွင် လေးချမ်းတောင်ဟုခေါ်သော မီးပြတိုက်ဟောင်းတစ်ခုတည်ရှိသည်။

**မောင်းမကန်ကမ်းခြေ**သည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ အနောက်ဘက် ခြောက်မိုင်ခန့်အကွာ လောင်းလုံမြို့နယ်တွင် တည်ရှိသည်။ ထားဝယ်မြို့မှ ကမျှောကင်းတံတားကို ဖြတ်ကျော်သွားရမည်ဖြစ်ပြီး မောင်းမကန်ကမ်းခြေ မရောက်မီ သုံးထပ်လမ်းမကြီး တည်ရှိသော တောင်ကို ဖြတ်ကျော်ရဦးမည်ဖြစ်သည်။ မောင်းမကန်ကမ်းခြေသည် မြန်မာနိုင်ငံတွင် အဖြောင့်တန်းဆုံး ကမ်းခြေဟု ဆိုရမည်။ မြန်မာနိုင်ငံမြောက်မှ တောင်ဘက်သို့ ဖြောင့်တန်းစွာ ကပ္ပလီပင်လယ်ပြင်အား မျက်နှာမူလျက်ရှိသည်။ ကမ်းခြေတွင် ကျောက်ဆောင်အနည်းငယ်ရှိသော်လည်း ခရီးသွားများအတွက် လွတ်လပ်စွာအပန်းဖြေနိုင်မည်ဖြစ်သည်။

**စက်စဲကမ်းခြေ**သည် မွန်ပြည်နယ် မော်လမြိုင်-ကျိုက္ခမီ ကားလမ်းရှိ သံဖြူဇရပ်မြို့အလွန်၌ စက်စဲကားလမ်းခွဲရှိပြီး ယင်းလမ်းခွဲမှတစ်ဆင့် စက်စဲကမ်းခြေဘက်သို့ ငါးမိုင်ကျော်အကွာတွင် တည်ရှိသည်။ စက်စဲကမ်းခြေသည် ပင်လယ်ရေ၏ ကြည်လင်မှုနည်းသော်လည်း ကမ်းခြေနှင့် ပင်လယ်ပြင်၏ သဘာဝအရသာကို အပြည့်အဝခံစားရမည်ဖြစ်သည်။ စက်စဲကမ်းခြေသည် အပန်းဖြေအနားယူပြီးလျှင် ကျိုက္ခမီရေလယ်ဘုရားကိုလည်း ဖူးမြော်နိုင်သည်။ ဗဟုသုတရှာချင်သူများလည်း သံဖြူဇရပ်သို့ဝင်ပြီး ဒုတိယကမ္ဘာစစ်က ဖောက်လုပ်ထားသော သေမင်းတမန်ရထားလမ်း၊ မူလရထားစက်ခေါင်းနှင့် စစ်သင်္ချိုင်းတို့ကိုလည်း လေ့လာနိုင်သည်။

**ငွေဆောင်ကမ်းခြေ** အပန်းဖြေစခန်းကို ၂၀၀၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ အသာယာဆုံးနှင့် ချစ်စရာအကောင်းဆုံး ကမ်းခြေတစ်ခုဖြစ်သည်။ ပုသိမ်မြို့မှ အနောက်ဘက်သို့ ၄၈ ကီလိုမီတာ(မိုင် ၃၀)ခန့်ကွာဝေးပြီး ဘင်္ဂလားပင်လယ်အော်ဘက်သို့ မျက်နှာမူလျက်ရှိသည်။ မြောက်ဘက်ဇီးမော်မှ တောင်ဘက် မကျီးမော်အထိ ၁၅ ကီလိုမီတာ (မိုင် ၁၀ နီးပါး)ရှည်လျားသည်။ ငွေဆောင်ကမ်းခြေ၏ သဘာဝအလှဆွဲဆောင်မှုများမှာ အပူပိုင်းသစ်တောကြီးများ၊ ရခိုင်ရိုးမနောက်ခံနှင့်အတူ အပြာရောင်ပင်လယ်ပြင်၊ ကျယ်ဝန်းရှည်လျားသည့်သဲသောင်ပြင်၊ ငွေရောင်သဲမှုန့်များနှင့် သာယာလှပသည့် ကျောက်ဆောင်ကျောက်တန်းများပင်ဖြစ်သည်။ သဲသောင်ပြင်တွင် ပျော်ရွှင်စွာကစားနိုင်ခြင်း၊ အသက်ကယ်ဇော်ယာနှင့် အမြန်ရေယာဉ်ငယ်များဖြင့် ပင်လယ်ပြင်တွင် စီးနိုင်ခြင်း၊ ကမ်းခြေတစ်လျှောက် စက်ဘီးစီးခြင်းနှင့် မြင်းစီးခြင်းတို့ဖြင့် အပန်းဖြေအနားယူနိုင်မည်ဖြစ်သည်။ အုန်းပင်တန်းများအလယ် လေညင်းများနှင့်အတူ အမှတ်ရစရာ အပန်းဖြေလိုသူများအတွက် ကမ်းခြေငွေဆောင်မှ ခရီးသွားများကို နွေးထွေးစွာ ကြိုဆိုလျက်ရှိသည်။

**ချောင်းသာကမ်းခြေ**သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အနောက်ဘက် ကီလိုမီတာ ၄၀(၂၅မိုင်)အကွာ ရွှေသောင်ယံမြို့နယ်တွင် တည်ရှိသည်။ ချောင်းသာကမ်းခြေသည် စိတ်ဝင်စားဖွယ်ကျယ်ပြန့်သော ကမ်းခြေတစ်ခုဖြစ်သည်။ ကျယ်ပြန့်သောသောင်ပြင်၏ အနောက်ဘက်တွင် အုန်းပင်များသာမက ပင်လယ်ကဗွီးပင်များကိုလည်း တွေ့နိုင်သည်။ ၎င်းအပြင် ခရုခွံများနှင့် တန်ဆာဆင်ထားသော တန်ဖိုးနည်းလက်ဝတ်ရတနာများ၊ တောက်ပသည့် ခရုကမာငယ်များ၊ ပုလဲထွက်မုတ်ကောင်ခွံများ၊ တန်ဆာဆင်ထားသည့် ကြီးမားသောကျောက်ပုစွန်နှင့် ကဏန်းခွံများ၊ ကျောက်ဖြစ်ရုပ်ကြွင်း ပင်လယ်ကျောက်ခက်များနှင့် သန္တာ ကျောက်ခက်များကို အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူနိုင်သည်။

ကြည်လင်ပြီး အပြာရောင်ရှိသည့် ပင်လယ်ပြင်၊ ဖြူဖွေးသည့်လှိုင်းလုံးများ၊ လှပသည့်သဲသောင်ပြင်များနှင့် သဘာဝအတိုင်း သာယာလှပသည့် ပတ်ဝန်းကျင်များတွင် အားလပ်ရက်အနားယူအပန်းဖြေမည့်သူများအတွက် အမှန်တကယ်ရွေးချယ်ပြီး သွားရောက်သင့်သည့်နေရာဖြစ်သည်ဟု ရေးသားလိုက်ရပါသည်။ ။

OD TOUR
Since 1997
သကြံန်တွင်း ခရီးစဉ်များအတွက်ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။
ဘန်ကောက်၊ပတ္တရား/ဖူးခက် Feb 28, Mar 23, Apr 12,13
စင်္ကာပူ၊မလေးရှား Feb 28, Mar 23, Apr 12,13
အိန္ဒိယ၊နီပေါ Feb 22, Mar 18
ကမ္ဘောဒီးယား Mar 2, Apr 13
စင်္ကာပူ၊ဘာလီ Mar 23, Apr 13
ဗီယက်နမ်၊ကမ္ဘောဒီးယား Mar 23, Apr 12
ဟောင်ကောင်၊ကွမ်ကျိုး၊မကာအို Mar 23, Apr 13
ကိုရီးယား Mar 23, Apr 11
ပုဂံ၊ပုပ္ပါး၊ပခုက္ကူ(သီဟိုဠ်ရှင်)
အလောင်းတော်ကဿပ
မော်လမြိုင်၊ကျိုက္ခမီ၊စက်စဲ
အင်းလေး၊တောင်ကြီး၊ထန့်စမ်း
မန်းရွှေစက်တော် လမ်းဘုရားစုံ
Feb 22/28
Mar 1/23/24
Apr 5,10,11
12,13,18
ထားဝယ်၊ရှင်ကိုးရှင် Feb 28/Mar...
ချောင်းသာ၊ငွေဆောင်၊ကျိုက်ထီးရိုး (နေ့စဉ်)
"ကုမ္ပဏီ၊ကျောင်း အဖွဲ့အစည်းများအတွက် စိတ်ကြိုက်ခရီးစဉ်စီစဉ်ပေးပါသည်။"
အမှတ်(၅၃)၊ကျွန်းတောလမ်း၊စမ်းချောင်း၊ရန်ကုန် ဖုန်း 01-536855, 526349, 504808, 523187
09-5108087, 09-5187045, 09-73022688



# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားလေ့ကျင့်ရေးစခန်းများ အားကစားရုံတည်ဆောက်ရေးနှင့် သင်တန်းသားအိပ်ဆောင်များ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း**(ဝဲပုံ)**သည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလွင်နှင့်အတူ တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)သို့ ရောက်ရှိပြီး လေ့ကျင့်ရေး ရေကူးကန်တည်ဆောက်ပြီးစီးမှုနှင့် ရေသန့်ရှင်းမှုရှိစေရေး၊ ဖူဆယ်ဘောလုံးကွင်း အောက်ခံခင်းကျင်းထားမှု၊ ပြေးခုန်ပစ်လေ့ကျင့်ရေးကွင်းအား စံချိန်မီနိုင်လွန်ရော်ဘာပြေးလမ်းခင်းထားမှု၊ ပြေးခုန်ပစ်နှင့် စက်ဘီးအားကစားသမားများ ကိုယ်ခန္ဓာကြံ့ခိုင်ရေးအတွက် Fitness စက်ပစ္စည်းများနှင့် လေ့ကျင့်မှု၊ နှစ်ထပ်စာသင်ကျောင်းဆောင်နှင့် လက်ရွေးစင်အဆင့် အားကစားသမားများ အိပ်ဆောင်အဆင့်မြှင့် ပြင်ဆင်ထားမှု၊ ကျွမ်းဘားအားကစားရုံ တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် သင်တန်းသားများ အိပ်ဆောင်များ အဆင့်မြှင့်တင် တည်ဆောက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **(အား/ကာ)**

# အငှားယာဉ်ရပ်နားစခန်း သတ်မှတ်ပေးစေချင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်မြို့အတွင်း အများပြည်သူနေ့စဉ်ကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုအခက်အခဲများ ဖြေလျှော့ပေးနိုင်ရန်အတွက် ယခုအခါ ယာဉ်ထိန်းရဲအင်အား တိုးမြှင့်တာဝန်ချကာ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ၃၁ မြို့နယ်တွင် တစ်မြို့နယ်လျှင် တပ်ဖွဲ့စုတစ်စုနှုန်းဖြင့် ၃၁ စု၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပ ၁၄ မြို့နယ်တွင် နှစ်မြို့နယ်လျှင် တပ်ဖွဲ့စုတစ်စုနှုန်းဖြင့် ခုနစ်စုစသည်ဖြင့် တစ်နိုင်ငံလုံးတွင် အရာရှိ ၁၄ ဦး၊ အခြားအဆင့် ၂၅၇၆ ဦး စုစုပေါင်း ၃၄၁၄ ဦးဖြင့် ဖွဲ့စည်းပုံများအရ ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြင့် ယခုအခါ ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုမှာ အတော်အတန် ပြေလျော့ခဲ့ပြီဖြစ်သည်။

ထိုသို့ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ရခြင်း၏ အကျိုးဆက်ကြောင့် ခရီးသွားဘတ်စ်ကားရပ်တန့်မည့်နေရာများအတွက် ယာဉ်ထိန်းရဲများမှ စီစဉ်ပေးသော်လည်း တက္ကစီမောင်းသူအများစုအတွက် သီးခြားနေရာသတ်မှတ်ထားခြင်း မရှိသောကြောင့် ယခုအခါ တက္ကစီမောင်းသူများမှာ အခက်ကြုံနေကြရသည်။

"အခုဆိုရင် ကားတွေက တစ်ယောက်တစ်စီး တင်သွင်းခွင့်ရထားတော့ တော်တော်များများက နိုင်ငံခြားက တင်သွင်းပြီး ဒီမှာအလုပ်ဖြစ်အောင် တက္ကစီတွေ ထောင်ထားကြတော့ ကားတွေကအရမ်းများနေပြီ။ ငှားတဲ့သူနဲ့ ကားနဲ့က မမျှဖြစ်နေပြီ။ ကျွန်တော်တို့ တစ်ခါတစ်လေအငှားမရလို့ လူစောင့်နေတော့ ယာဉ်ထိန်းရဲက မောင်းထုတ်တယ်ဗျာ။ နိုင်ငံခြားမှာဆိုရင် ဘတ်စ်ကားရပ်တဲ့ကားမှတ်တိုင်နဲ့ မနီးမဝေးမှာ တက္ကစီဂိတ်တွေ လုပ်ပေးထားတယ်။ ကျွန်တော်တို့က ဒီတက္ကစီမောင်းတဲ့အလုပ်ပဲလုပ်တတ်တော့ ဒီအလုပ်ကိုပဲ လုပ်နေရတယ်။ တခြားအလုပ်လည်း မလုပ်တတ်ဘူး။ ကျွန်တော်တို့ တက္ကစီသမားတွေအတွက် သက်ဆိုင်ရာက အငှားယာဉ်ဂိတ်ကလေးတွေသတ်မှတ်ပေးစေချင်ပါတယ်ဗျာ"ဟု မင်္ဂလာဈေးအနီး တက္ကစီမောင်းသူ ကိုစလင်းက ဆိုသည်။

မကြာမီ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးက နီးကပ်လာပြီဖြစ်သည်။ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံရပ်ခြားအလွှာပေါင်းစုံမှ ရောက်လာကြမည်ဖြစ်ရာ ရန်ကုန်မြို့တွင်း လူကူးမျဉ်းကျားများတွင် လစ်လပ်နေသော အချက်ပြ မီးခလုတ်များတပ်ဆင်ပေးခြင်း၊ ဘတ်စ်၊ တက္ကစီနှင့် ကိုယ်ပိုင်ယာဉ်များအတွက် နေရာစီစဉ်ပေးခြင်း၊ အနော်ရထာလမ်းမကြီးနှင့် ကုန်သည်လမ်းတစ်လျှောက် ကားလမ်းပေါ်တွင် ပိတ်ဆို့ရောင်းချနေသော လမ်းဘေးဈေးသည်များအား စီမံချက်ဖြင့် သန့်ရှင်းပေးခြင်းဖြင့် ရန်ကုန်မြို့တွင်းသာမက နိုင်ငံတော်နှင့် ပြည်သူအတွက် အမျိုးဂုဏ်မြင့်စေသော ဂုဏ်ပုဒ်ကိုရလိုစိတ်ဖြင့် အကြံပြုတင်ပြလိုက်ရပေသည်။ **(စိုးဝင်း - MLA)**

# လက်ပံပွင့်ကောက် တစ်ခေါက်လာပါ

တပို့တွဲလရောက်ပြီဖြစ်၍ မန္တလေး စစ်ကိုင်းဝန်းကျင်တစ်လျှောက်တွင် လက်ပံပွင့်နီနီတွေက အပြိုင်အဆိုင် ရဲရဲလွှင်လွှင် ပွင့်ဝေနေပြီမို့ နွေကိုရောက်တော့မည်ဟု နှိုးဆော်လိုက်ခြင်းလည်းဖြစ်သည်။ "လက်ပံဖူးစ ခွေးရူးထ" ဟု သင်္ကေတပြုထားကြသဖြင့် သည်အချိန်ရောက်လာပြီဆိုလျှင် ခွေးရူးအန္တရာယ်ကိုလည်း သတိပြုမိကြသည်။ "လက်ပံပင် ဆက်ရက်ကျ"ဟု ဆိုစကားရှိသကဲ့သို့ ပင်လုံးညွတ်မျှ ပွင့်ဝေလှနေသော လက်ပံပင်ထက်တွင် ဝတ်ရည်စုပ်၊ ဝတ်မှုန်စားရင်း ပျော်ပါးမြူးထူးခုန်ပျံကာ သောသောညံအောင် အော်မြည်နေတတ်ကြသည့် ဆက်ရက်ငှက်ငယ်တို့၏ မြင်ကွင်းကလည်း တစ်မျိုးတစ်ဘာသာ ဆန်းကြယ်နေပါသည်။

လက်ပံပွင့်တို့သည် လေပြည်တိုက်ခတ်သည်နှင့် စကြာလေးများပမာ ချာချာလည်ပတ်ရင်း မြေပြင်ထက်သို့ ကြွေသက်လေသည်။ လက်ပံပွင့်ကြွေ အလုအယက် ကောက်ကြရသည်ကလည်း ကျေးလက်သူကျေးလက်သားများအတွက် ပျော်စရာတစ်မျိုးပင်ဖြစ်သည်။ ကျေးလက်တောရွာများတွင် လက်ပံပွင့်လေးများကို ကောက်ကာ ပွင့်ချပ်နှင့် ဝတ်ဆံတိုင်လေးများကို ခြွေချပြီး နေရောင်အောက်တွင် အခြောက်လှန်းကြသည်။ ခြောက်သွေ့သော လက်ပံခေါင်းလေးများကို မြေအိုးမှာ လေလုံအောင် သိုလှောင်ကာ မိုးတွင်းစာအဖြစ် စုဆောင်းကြသည်။ လက်ပံခေါင်းခြောက်ကို ချဉ်ပေါင်ရွက်နှင့် ချဉ်ရည်ဟင်း ချက်စားကြသည်။ ခရမ်းသီးခြောက်နှင့် ဟင်းချက်စားကြသည်။ ကျေးလက်ပြည်သူများအတွက် ထမင်းမြိန်စရာ နတ်ဟင်းလျာတစ်မျိုးဟု ဆိုနိုင်သည်။

လက်ပံပွင့်တွေ ကြွေပြီးသည့်အခါ လက်ပံသီးနုနုလေးတွေ သီးကြပြန်သည်။ တချို့က လက်ပံသီးနုနုကို ငါးပိချက်ချက်စားကြသည်။ လက်ပံသီးများ ရင့်မှည့်ချိန်တွင် ခေါင်းအုံးမွေ့ရာတွေအတွက် ပိုးကဲ့သို့ ချောမွေ့သော လဲမှို့ရသည်။ လက်ပံပင်ကြီးများကတော့ ပေ ၁၀၀ ဝန်းကျင်ခန့်မြင့်မားသော်လည်း အရိပ်အာဝါသ မကောင်းမွန်လှချေ။ မည်သို့ပင်ရှိစေ နွေရောက်တော့မည်မို့ အမရပူရမြို့နယ် ရွှေကြက်ယက်ရွာဝန်းကျင်တွင် သက်တမ်းရှည် လက်ပံပင်ကြီးများ ရဲရဲလွှင်လွှင် အလှပန်းတွေ ဆင်နေပြီမို့ ဧရာဝတီတစ်ဖက်ကမ်းက စစ်ကိုင်းတောင်တော်ကို လှမ်းမြော်ဖူးရင်း လက်ပံပွင့်ကောက် တစ်ခေါက်လာခဲ့ပါဟု ဖိတ်ခေါ်လိုက်ပါရစေ။ မန္တလေး စစ်ကိုင်းဝန်းကျင်တွင် လက်ပံပင်အပေါ်များဆုံးနေရာမှာ အမရပူရမြို့နယ် သမိုင်းဝင်နယ်မြေ ရွှေကြက်ယက်ရွာ ဟုဆိုရမည်ဖြစ်ပါသည်။ **(နန္ဒာမင်းလွင်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၁-၂-၂၀၁၃ (တနင်္လာနေ့)**

- ၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၀ (၆၆)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ "၂၀၁၅ အာဆီယံသို့"
- ၄း၃၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု)(ဥပဒေပညာ)
- ၅း၀၀ မြန်မာစာ၊ မြန်မာစကား
- ၅း၂၀ (၆၆)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၂၀ SEA GAMES လှုံ့ဆော်ရေး ဇာတ်လမ်းတို "ဘာလုပ်မှာလဲပြော"(အရိုင်း၊ ဇော်၊ကင်းကောင်၊ မိုးပြည့်ပြည့်မောင်၊ယွန်းရွှေရည်) (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (ဒုတိယတွဲ) (အပိုင်း-၂၀) -"ရယ်စရာတစ်ကွက်စာ" (Mr.Bean ကာတွန်း အစီအစဉ်)(အပိုင်း-၂၈) -အိန္ဒိယရုပ်ရှင်

# မုံရွာ-အရာတော်-ရွှေဘိုလမ်းတစ်လျှောက် တစ်ဖက် ၇၅ ပေစီ လမ်းတာပေါင်ချဲ့

**မုံရွာ ဖေဖော်ဝါရီ ၁၀**

မုံရွာမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မုံရွာ-အရာတော်-ရွှေဘိုလမ်းမိုင်တိုင်အမှတ် (၅/၀)နှင့် (၉/၀) အကြားလမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါသဖြင့် အဆိုပါမိုင်တိုင်အတွင်းရှိ လမ်းနယ် ဧရိယာ ၇၅ ပေနှင့် မလွတ်ကင်းသော ဝင်းခြံနှင့် ဈေးဆိုင်များအား ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်နောက်ဆုံးထား ရွှေ့ပြောင်းပေးနိုင်ရန် အကြောင်းကြားထားကြောင်း သိရသည်။ ဆက်လက်၍ လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်းအား စက်ယန္တရားများဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မရွှေ့ပြောင်းပါက လုပ်ငန်းဆောင်ရွက်သည့်စက်ယန္တရားများဖြင့် ဖယ်ရှားသွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းအသိပေးထားသည်ကို တွေ့ရသည်။

မုံရွာမြို့အထွက်မှ စတင်၍ ကျောက္ကာလမ်းမကြီးတစ်လျှောက် လက်ရှိကျောက္ကာလမ်းမကြီး၏ လမ်းအလယ်တည့်တည့်မှ ဘေးဝဲ၊ ယာ ၇၅ ပေပြည့်သည့်အထိ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ နှစ်ဖက်ချဲ့ခြင်းမှာ ပေ ၁၅၀ ပြည့်အောင်ချဲ့သွားမည်ဖြစ်သောကြောင့် ကျေးရွာနေအိမ်များနှင့် လွတ်ကင်းနယ်မြေများတွင် မြေထိုး၊ မြေကော်ပြုပြင်ခြင်း၊ ရေမြောင်းတူးဖော်ခြင်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ကျောက္ကာလမ်း၏ မြောက်ဘက်ခြမ်းမျက်နှာစာ ၁၀ အိမ်ခန့်သာရှိသော ထနောင်းဝင်းကျေးရွာအနေဖြင့် ၁၀ အိမ်စလုံးမှာ အနည်းနှင့်အများဆိုသလို ရွှေ့မျက်နှာစာဖဲ့ပေးကြရမည်ဖြစ်ပြီး တိုက်နှစ်လုံးခန့်မှာ အဆောက်အအုံအားလုံး နီးပါးဖျက်ပေးရမည့်အနေအထားရှိနေရာ လမ်း၏တောင်ဘက် ယာမြေများဘက်သို့ ပြောင်းရွှေ့လမ်းချဲ့လျှင် ကောင်းလိမ့်မည်ဟူသော အကြံပြု အသနားခံစာကို သက်ဆိုင်ရာသို့ တင်ပြထားကြောင်းသိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**







# မန္တလေးမြို့၌ အဆင့်မြင့်အားကစားကွင်း တည်ဆောက်နေမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်သည် ယမန်နေ့ နံနက် ၉ နာရီတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ လက်ခံကျင်းပမည့် မန္တလေး အဆင့်မြင့် အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးတို့အတွက် အထက်မြန်မာပြည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရွေးချယ်ကာ လေ့ကျင့်ပေးလျက်ရှိသည့် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)၌ နိုင်ငံခြားသားနည်းပြများ ထားရှိရန် အိပ်ခန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကျွမ်းဘားလေ့ကျင့်ရေးခန်းမ၌ ပြင်ဆင်ဆောင်ရွက်နေမှု၊ ဖူဆယ်အားကစားကွင်း ခင်းကျင်းထားမှုနှင့် ရေကူးကန်တည်ဆောက်ရေး လုပ်ငန်းခွင်တို့ကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# မြန်မာနိုင်ငံနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခန်းကဏ္ဍ

## မောင်လုကြည်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးများတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများသည် အများစုဖြစ်ပြီး အခြားသော တိုင်းရင်းသားမျိုးနွယ်စုများမှာ အနည်းစုဖြစ်သည်။ ဤသို့သော တိုင်းရင်းသားလူမျိုးများကို စုပေါင်း၍ မြန်မာလူမျိုးဟု ခေါ်တွင်ခဲ့ပြီး ၎င်းတို့နေထိုင်သည့် နိုင်ငံကို မြန်မာနိုင်ငံရယ်လို့ ခေါ်တွင်ကာ ကမ္ဘာ့အလယ်တွင် လွတ်လပ်စွာ ရပ်တည်နေသည့် နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်၍ သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားကောင်းသောခေတ်တွင် တိုင်းပြည်စည်ပင်ဖွံ့ဖြိုးတိုးတက်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားနည်းသောခေတ်တွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အားနည်းသည့်အပြင် တိုင်းပြည်ဖရိုဖရဲဖြစ်သည်။ နောက်ဆုံးတိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမှုကြောင့်ပင် တိုင်းတစ်ပါး လက်အောက်သို့ ကျရောက်ခဲ့ရသည်။ နှစ်ပေါင်းများစွာ တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ရသော မြန်မာနိုင်ငံသည် တိုင်းရင်းသားတို့ စည်းလုံးညီညွတ်စွာ ကြိုးပမ်းမှုကြောင့်ပင် နိုင်ငံ၏အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းပြည်မတိုးတက်ခြင်းမှာ မည်သူ့ကိုမျှအပြစ်ပြောစရာဟု မထင်ပေ။ စိစိစစ်စစ်တွေးကြည့်မည်ဆိုပါက အရင်းစစ်အမြစ်မြေကဆိုသလို တိုင်းရင်းသားစည်းလုံးညီညွတ်မှု (အချင်းချင်းစည်းလုံးညီညွတ်မှု)မရှိခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။

ကမ္ဘာပေါ်တွင် ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အညီ မြန်မာနိုင်ငံတွင်လည်း ပြည်သူများ လိုလားတောင့်တနေကြသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူအများစု၏ဆန္ဒနှင့်အညီ ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပတ်သက်၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော အခြေခံမူများကို ချမှတ်ထားသည်။

နိုင်ငံကိုဖွဲ့စည်းတည်ဆောက်ရာတွင် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု အခြေခံဥပဒေပုဒ်မ ၈ တွင် အခြေခံမူအဖြစ် အခိုင်အမာ ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ကို ဖွဲ့စည်းတည်ဆောက်ရာတွင် တိုင်းဒေသကြီး (၇) ခု၊ တိုင်းရင်းသားလူမျိုးများအလိုက် ပြည်နယ် (၇)ခု၊ ပြည်ထောင်စုနယ်မြေများဖြစ်သည့် လူနည်းစုတိုင်းရင်းသားတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြင့် ပိုင်းခြားဖွဲ့စည်းတည်ဆောက်ထားသည်။ နိုင်ငံတော်ကို စီမံအုပ်ချုပ်ရာတွင် တိုင်းရင်းသားအားလုံး ပါဝင်နိုင်ရန်ဖြစ်သည်။ ထို့ပြင် မိမိတို့တိုင်း၊ မိမိတို့ပြည်နယ်များတွင် မိမိတို့ကိုယ်တိုင် စီမံအုပ်ချုပ်ရာ၌ လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းနိုင်ရန် ဥပဒေပြုခွင့်အာဏာကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ တွင် အောက်ပါအတိုင်း ကဏ္ဍအလိုက် တိုင်းနှင့်ပြည်နယ် မခွဲခြားဘဲ တန်းတူရည်တူ အခွင့်အာဏာ အပ်နှင်းထားသည်-

- (၁) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ
- (၂) စီးပွားရေးကဏ္ဍ
- (၃) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ
- (၄) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ
- (၅) စက်မှုလက်မှုကဏ္ဍ
- (၆) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ
- (၇) လူမှုရေးကဏ္ဍ
- (၈) စီမံခန့်ခွဲရေးကဏ္ဍ

အလားတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက အခွန်အခများ ကောက်ခံရမည့် အခွင့်အာဏာကိုလည်း တိုင်းနှင့်ပြည်နယ် မခွဲခြားဘဲ တန်းတူရည်တူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ တွင် ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုနယ်မြေများတွင် ပါဝင်သည့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအနေဖြင့် မိမိတို့တိုင်း၊ ဒေသများတွင် မိမိတို့ကိုယ်တိုင် စီမံအုပ်ချုပ်နိုင်ရန် ဥပဒေပြုခွင့်အာဏာကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၆ တွင် အောက်ပါအတိုင်း ကဏ္ဍအလိုက် အခွင့်အာဏာသီးခြားအပ်နှင်းထားသည်-

၁။ မြို့ပြနှင့် ကျေးရွာစီမံကိန်းများ၊
၂။ လမ်းတံတားများ ဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး၊
၃။ ပြည်သူ့ကျန်းမာရေး၊
၄။ စည်ပင်သာယာရေးလုပ်ငန်း၊
၅။ မီးဘေးကြိုတင်ကာကွယ်ရေး၊
၆။ စားကျက်မြေများ ထိန်းသိမ်းရေး၊
၇။ သစ်တောများ ကာကွယ်ထိန်းသိမ်းရေး၊
၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
၉။ မြို့နှင့်ကျေးရွာများအတွင်း ရေနှင့်လျှပ်စစ်မီးဆိုင်ရာကိစ္စ၊
၁၀။ မြို့များနှင့်ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စ၊

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မဖြစ်မနေလိုအပ်သည်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာကြိုးပမ်းဆောင်ရွက်မှသာ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ပြီး အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းရသည့် အကြောင်းရင်းတစ်ခုမှာ မြန်မာလူမျိုးတို့၏ စိတ်ဓာတ်နှင့်ဆိုင်သည်ဟု ဆိုနိုင်ပါသည်။ မြန်မာလူမျိုးတို့သည် စိတ်ခံစားမှုပြင်းထန်ပြီး မခံချင်စိတ်ရှိသော လူမျိုးဖြစ်သည်။ ထိုစိတ်ဓာတ်သည် တိုင်းတစ်ပါးရန်သူကို တွန်းလှန်ရာတွင် စိတ်တူကိုယ်တူမခံချင်စိတ်ဖြင့် စည်းလုံးညီညွတ်မှုရှိသော်လည်း တိုင်းပြည်စီမံအုပ်ချုပ်ရာတွင်မူ ထိုခံစားမှု ပြင်းထန်သော မခံချင်စိတ်က အချင်းချင်းစိတ်ဝမ်းကွဲကာ စည်းလုံးညီညွတ်မှု အားနည်းစေသည်ကို တွေ့ရှိရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးမှုနောက်ကျသည်ကို နိုင်ငံတကာနှင့် ယှဉ်တွဲစဉ်းစားပြီး ထိုခံစားမှုပြင်းထန်သော မခံချင်စိတ်ဖြင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ကြမည် ဆိုပါလျှင် မြန်မာနိုင်ငံသည် မကြာမီကာလအတွင်း ဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်မလွဲဖြစ်ပါသည်။

ယခုအခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုကြီးနှင့်တကွ တိုင်းဒေသကြီးနှင့် တိုင်းရင်းသားတို့၏ ပြည်နယ်များအပါအဝင် တိုင်းရင်းသားလူမျိုးစုတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် မိမိတို့ကိုယ်တိုင် ရွေးချယ်ထားသည့် တိုင်းရင်းသားကိုယ်စားလှယ်များက မိမိတို့တိုင်း၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြသည်။ တစ်နည်းအားဖြင့် မိမိတို့တိုင်း၊ မိမိတို့ပြည်နယ်၊ မိမိတို့ဒေသကို မိမိတို့လူမျိုးတို့က စီမံအုပ်ချုပ်နေကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပေရာ တိုင်းရင်းသားပြည်သူအပေါင်းက တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှု ပျက်ပြားစေမည့် စိတ်ဓာတ်၊ အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်များကို ရှောင်ရှားကာ ခံစားမှုပြင်းထန်သော မခံချင်စိတ်ဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတတ်ရေးနှင့် အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းကြပါစို့ဟုတိုက်တွန်းရင်း (၆၆) နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပေသည်။ ။





# နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းများ အားကစားဝန်ကြီးဌာနသို့ ဆက်သွယ်ရန် ဖိတ်ကြားထား

**နေပြည်တော်　ဖေဖော်ဝါရီ　၁၀**

အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် အောင်မြင်မှု (ရွှေ၊ ငွေ၊ ကြေး) ဆုတံဆိပ် ရရှိခဲ့ကြသူများကို အားကစားဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုနိုင်ရေးအတွက် လည်းကောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် တစ်တပ်တစ်အား ပါဝင်ကူညီ ဆောင်ရွက်နိုင်စေရေးအတွက် လည်းကောင်း အဆိုပါ နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရရှိခဲ့ကြသူများအနေဖြင့် မိမိအမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ရယူခဲ့သည့် ဆုတံဆိပ်အမျိုးအစား၊ အားကစားနည်း၊ ပြိုင်ပွဲခုနှစ်၊ အားကစားပြိုင်ပွဲအမည်တို့အား ဖော်ပြ၍ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Camp ဖုန်းနံပါတ် ၀၆၇-၄၂၂၁၃၆၊ ၀၆၇-၄၂၂၆၁၈ နှင့် Fax နံပါတ် ၀၆၇-၄၂၂၁၃၇ သို့ ဆက်သွယ် စာရင်းပေးပို့ကြပါရန်နှင့် အားကစားဝန်ကြီးဌာနမှ ဆက်သွယ်ခေါ်ယူပါက လာရောက်နိုင်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင်သိမှတ်ပါရန်

၁၀-၂-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉)တွင် ဖော်ပြထားသော လက်တွဲညီညီရှေ့သို့ချီမည့် ပြည်ထောင်စုဖွားညီနောင်များဆောင်းပါး ပထမကော်လံ အောက်ဆုံးစာပိုဒ်၊ ပထမစာကြောင်းတွင် ၁၃၃၉ ခုနှစ်(အစား) ၁၉၃၉ ခုနှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင် ခံခွက်မမေ့နှင့်

❖ ကျောဖုံးမှ

**မေး ။ ။ အင်းလေးကန်ရဲ့ ပထမအကျယ်အဝန်းနဲ့ ယခုလက်ရှိအကျယ်အဝန်းကို သိလိုပါတယ်။ နောက်ပြီးအင်းလေးကန် တိမ်ကောရခြင်းအကြောင်းလည်း ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ အင်းလေးကန်ဟာ မူလက ဧရိယာစတုရန်းမိုင်ပေါင်း ၁၀၄ မိုင်ခန့် ကျယ်ဝန်းခဲ့ပြီး ယခုလက်ရှိတိုင်းတာချက်အရ ဧရိယာ ၆၃ စတုရန်းမိုင်ခန့်ရှိပြီး အင်းလေးကန် တိမ်ကောလာရခြင်း အကြောင်းကတော့ အင်းလေးကန်ပတ်ဝန်းကျင်ရှိ ချောင်းများမှ နုန်းပို့ချမှုနဲ့ ချောင်းများရဲ့ ရေဆင်း ဧရိယာများတွင်လည်း နုန်းပို့ချမှု များပြားလာခြင်းနဲ့ လယ်ယာစိုက်ပျိုးရေးအလုပ်အကိုင်မှာလည်း တစ်ခု အပါအဝင်ဖြစ်ပါတယ်။

**မေး ။ ။ အစ်ကိုတို့ ဌာနအနေနဲ့ အင်းလေးကန်ကို ထိန်းသိမ်းစောင့်ရှောက်နေတယ်လို့ သိရပါတယ်။ ဘယ်လိုထိန်းသိမ်း ကာကွယ်စောင့်ရှောက်နေပါသလဲရှင်းပြပါဦး။**

ဖြေ ။ ။ ကျွန်တော်တို့ ဌာနစတင်တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်း စလုပ်တာကတော့ ၁၉၈၉ ခုနှစ်မှာပါ။ အင်းလေးကန်အတွင်း ရေနည်းပါးလာပြီး နမ့်ကတ်ချောင်း ရေလမ်းကြောင်းကနေ သဲနုန်းများပို့ချတဲ့အတွက် တိမ်ကောလာပါတယ်၊ရေလမ်းခရီးသွားလာရေးမှာ အခက်အခဲတွေရှိလာပါတယ်။ အဲ့ဒါနဲ့ နမ့်ကတ်ချောင်းရေလမ်းကြောင်းတိုင်းတာမှုကို စတင်လုပ်ခဲ့ပြီး သောင်တူးသင်္ဘောများနဲ့ ရေလမ်းကြောင်းတူးဖော်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ နောက်ပိုင်းကျတော့ အင်းလေးကန် သာယာလှပရေးနဲ့ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းတာဝန်ငါးရပ် ချမှတ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအချက်တွေကတော့ နုန်းထိန်းတမံများ တည်ဆောက်ထိန်းသိမ်းခြင်း၊ နုန်းဖမ်းဆည်များ တည်ဆောက်ထိန်းသိမ်းခြင်း၊ သဲနုန်းများတူးဖော်၍ ရေလမ်းကြောင်းများ ချဲ့ထွင်ခြင်းနဲ့လိုအပ်သည့် အနက်ပေရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ကျွန်းမျောများ မတိုးပွားစေရန် ဆောင်ရွက်ခြင်းနဲ့ ရေမှော်များ ရှင်းလင်းဖို့ဖြစ်ပါတယ်။ အဓိကလုပ်ငန်းကတော့ ကျွန်းမျောများ မတိုးပွားစေရေးဆောင်ရွက်တဲ့ လုပ်ငန်းပါ ကန်အတွင်းပျံ့လွင့်နေသော ကျွန်းမျောရိုင်းများအား ရှင်းလင်းဖယ်ရှားခြင်း၊ ကျွန်းမျောရိုင်းများအား စုပုံရှင်းလင်းခြင်း၊ ကျွန်းမျောစိုက်ခင်း ဧရိယာနယ်နိမိတ်မှတ်တိုင်များ စိုက်ထူသတ်မှတ်ခြင်း၊ ကျွန်းမျောကာခြံစည်းရိုး၊ တိုင်၊ တန်းများပြုလုပ်ခြင်းနဲ့ ကျွန်းမျောရိုင်းထိန်းချုပ်လှောင်ကန် ပြုလုပ်ပေးပြီး ကာကွယ်ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိပါတယ်။



ရေမှော်နှင့်ဒိုက်များ ရှင်းလင်းနေသည်ကို တွေ့ရစဉ်။



ဦးကျော်ကျော်ဦး
*ဦးစီးအရာရှိ(မြို့ပြ)ဆည်မြောင်း ဦးစီးဌာန၊ ညောင်ရွှေ*

**မေး ။ ။ အစ်ကိုတို့ အခုလိုအင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ ဒေသခံတွေရဲ့ အကူအညီ တောင်းခံပါသလား၊ ဒေသခံတွေကလည်း အခုလို ဆောင်ရွက်နေတဲ့လုပ်ငန်းမှာ ပူးပေါင်းပါဝင်ပါသလား။**

ဖြေ ။ ။ ကျွန်တော်တို့ မှော်တွေရှင်းမယ်၊ ဒိုက်တွေရှင်းမယ်၊ နုန်းတွေရှင်းမယ်ဆိုရင် ပထမရပ်ကွက်/ကျေးရွာ လူကြီးတွေကို ကြိုတင်အကြောင်းကြားပါတယ်။ ကျွန်တော်တို့ တကယ်လုပ်ဆောင်တဲ့အချိန်မှာ ဝိုင်းဝန်းပါဝင်ကြပါတယ်။ လုပ်အားကူသလိုလှေအားနဲ့လဲ လာကူပါတယ်။ အားလုံးတပျော်တပါး လုပ်ဆောင်ကြတာပါ။ ဘာအခက်အခဲမှ မရှိပါဘူး။ အဓိကကတော့ ကျွန်တော့် ဘက်က ငွေအား၊ ယန္တရားအင်အားတောင့်တင်းပြီး လုပ်ဆောင်နိုင်ရင်တော့ ဒီထက်ပိုပြီး အင်းလေးကန်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှာပါ။ ။









သော ကျွန်းမျောရိုင်းများအား ရှင်းလင်းဖယ်ရှားခြင်း၊ ကျွန်းမျောရိုင်းများအား စုပုံရှင်းလင်းခြင်း၊ ကျွန်းမျောစိုက်ခင်း ဧရိယာနယ်နိမိတ်မှတ်တိုင်များ စိုက်ထူသတ်မှတ်ခြင်း၊ ကျွန်းမျောကာခြံစည်းရိုး၊ တိုင်၊ တန်းများပြုလုပ်ခြင်းနဲ့ ကျွန်းမျောရိုင်းထိန်းချုပ်လျှောင်ကန် ပြုလုပ်ပေးပြီး ကာကွယ်ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ အစ်ကိုတို့ အခုလိုအင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ ဒေသခံတွေရဲ့ အကူအညီ တောင်းခံပါသလား၊ ဒေသခံတွေကလည်း အခုလို ဆောင်ရွက်နေတဲ့လုပ်ငန်းမှာ ပူးပေါင်းပါဝင်ပါသလား။**

ဖြေ ။ ။ ကျွန်တော်တို့ မော်တွေရှင်းမယ်၊ ဒိုက်တွေရှင်းမယ်၊ နုန်းတွေရှင်းမယ်ဆိုရင် ပထမရပ်ကွက်/ကျေးရွာလူကြီးတွေကို ကြိုတင်အကြောင်းကြားပါတယ်။ ကျွန်တော်တို့ တကယ်လုပ်ဆောင်တဲ့အချိန်မှာ ဝိုင်းဝန်းပါဝင်ကြပါတယ်။ လုပ်အားကူသလိုလှေအားနဲ့လဲ လာကူပါတယ်။ အားလုံးတပျော်တပါး လုပ်ဆောင်ကြတာပါ။ ဘာအခက်အခဲမှ မရှိပါဘူး။ အဓိကကတော့ ကျွန်တော့် ဘက်က ငွေအား၊ ယန္တရားအင်အားတောင့်တင်းပြီး လုပ်ဆောင်နိုင်ရင်တော့ ဒီထက်ပိုပြီး အင်းလေးကန်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှာပါ။ ။

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များ နှစ်စဉ် လာရောက်လေ့ရှိပါသည်။ ဆောင်းခိုငှက်များသည် ကြက်ငှက်တုပ်ကွေးရောဂါပိုး သယ်ဆောင်လာတတ်ခြင်းနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ရောဂါကျရောက်ဖြစ်ပွားမှုရှိနေခြင်းတို့ကြောင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှု မရှိစေရေး ဂရုပြုဆောင်ရွက်ရန်။
(ခ) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။
(ဂ) ကြက်ငှက်မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။
(ဃ) ကြက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။
(င) ကြက်ငှက်အသား၊ ဥ စသည်တို့ကို သေချာစွာ ချက်ပြုတ်ပြီးမှ စားသုံးရန်။
(စ) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်း သိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းသတင်းပို့ရန်။
(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

## ပြည်ထောင်စုနေ့ အတွေးများ

☆ ဒို့ပြည်ထောင်စု၊ တည်ထောင်မှုသည်
ညီနောင်ထုရှ်၊ ရည်ဆောင်မှုတည့်။
☆ အညာ အကြေ၊ တောင်ပေါ်မြေပြန့်
သီးသန့် စိတ်လီ၊ မတွေးရည်ဘဲ
ဤမြေမှာ နေ၊ ဤရေကို သုံး
ဒို့အားလုံး၏၊ စည်းလုံးခဲ့မှု
အစုစုသည်
ယခုအခါ၊ ပြည်မြန်မာ ဟု
မြန်မာပြည်သား၊ တိုင်းရင်းသားတို့
ဖွံ့ကြွားနိုင်ပြီ မဟုတ်လော။
☆ တိုင်းရင်းသားတို့၊ ရိုင်းပင်းအားညီ
ဝိုင်းဝန်းပွားစည်၊ မြန်မာပြည်ကို
အရှည်တည်ရေး၊ ရည်မြော်တွေး၍
ဘိုးဘေးစဉ်ဆက်၊ ဂုဏ်မပျက်အောင်. . .
လက်ဆင့်ကမ်းအမွေ၊ မွန်မြတ်လေအောင်. . .
မသွေစောင့်သိ၊ သစ္စာရှိလျက်
ပြည်၏ဝန်ထမ်း ရပေမည်။
ပြည်သူ့သားကောင်း ပီရမည်။
☆ အို. . . ချစ်ဆွေငဲ့
မြန်မာဟူသည်၊ ကမ္ဘာတည်သရွေ့
ခွန့်ရှည်ရပ်တည်၊ မြဲခံ့ထည်အောင်
ပြည်သူ မှန်သမျှ
ရည်တူ ကြံဆ
ညီတူဆန္ဒ ဖြစ်စေသော်ဝ်. . .။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

## မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** ထားဝယ်မြို့တွင် သုည ဒသမ ၃၁ လက်မဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။




## တိုင်းသူပြည်သားတွေကို အမှန်တရားပြန်ပေးပါ




တရားစီရင်မှု ဖြောင့်မှန်သန့်စင်ရေးအတွက် မဖြောင့်မမှန်မသန့်စင်ခဲ့ရသည့် အကြောင်းများကို ဦးစွာရှာဖွေ သိရှိနိုင်ဖို့ လိုအပ်ပါသည်။ တွေ့ရှိသောအခါ ပြုပြင်စရာများ၊ ဖြည့်စွက်စရာများ ရှိပါလိမ့်မည်။ ထိုအချက်များကို တရားခွင်မှ ပုံပြင်များ၊ မီဒီယာနှင့် တရားစီရင်မှု၊ တရားခွင်တွင် လက်တွေ့ကြုံတွေ့ခဲ့ရသော အမှုအခင်းများကို စာရေးဆရာ ပြေလွင်မြင့်က စုစည်းတင်ပြထားသည်။

အဆိုပါစာအုပ်ကို The Ladies News ဂျာနယ်၊ အဆောင် (၅)၊ အခန်း(၁) MICT Park၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၂၅၈ က ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၉၀၀ ဖြင့် ဖြန့်ချိသည်။

## ကိုယ်ပိုင်ဓာတ်ပုံဒီဇိုင်း ဖန်တီးနည်းများ




ဖန်တီးမှုတိုင်းတွင် အနုပညာနှင့် အတတ်ပညာ အချိုးကျပေါင်းစပ်ပါဝင်သည်။ အနုပညာမပါသော ဖန်တီးမှုသည် ရသမမြောက်သလို အတတ်ပညာမပါသော ဖန်တီးမှုသည်လည်း အရည်အသွေးကောင်းမွန်မှုမရှိပါ။ Designer တစ်ယောက်သိထားသင့်သည့် wanp command အကြောင်းကို ပိုက်ပိုက် (Photo Empire)၏ ကိုယ်ပိုင်ဓာတ်ပုံဒီဇိုင်းဖန်တီးနည်းများ စာအုပ်တွင် ဖော်ပြထားသည်။ မနောဖြူစာပေ အမှတ်(၂၃၅)၊ မြေညီထပ်၊ (၃၇) လမ်း(အထက်) ကျောက်တံတားမြို့နယ်မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။ ဖုန်း- ၀၉-၇၃၀၄၃၈၇၃ နှင့် ၀၉-၇၃၂၄၆၉၈၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

## ပညာရေးအတွေးရှုခင်းများ




ခင်မောင်ဌေး (ပညာရေး)၏ ပညာရေးအတွေးရှုခင်းများစာအုပ်ကို ထုတ်ဝေလိုက်သည်။ ဆရာကြီးဂုဏ်ထူး ဦးသိန်းနိုင်၊ ဆရာကောင်းသန့်တို့၏ အမှာစာများနှင့်အတူ စာရေးသူ၏ ပညာရေးအတွေးဆောင်းပါး ၂၆ ပုဒ် ပါဝင်သည်။

စာရေးသူအနေဖြင့် ခေတ်ပြောင်းစနစ်ပြောင်းကာလတစ်ခုတွင် ပညာရေးကဏ္ဍအတွက် လိုအပ်နေသော ပြုပြင်ပြောင်းလဲမှုများ၊ ကျောင်းသား ကျောင်းသူများအပါအဝင် မိဘပြည်သူတစ်ရပ်လုံး ပညာရေးနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို တင်ပြထားရာ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ထားရမည့်စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ ရန်အောင်စာပေမှ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

## ပစ်မှတ်အိုစမာဘင်လာဒင်




မူရင်းစာရေးဆရာ 'ချပ်ဖာရာ'သည် ရဲမက်ဝိညာဉ်-နေဗီဆီးလ်တစ်ဦး၏ အမှတ်ရစရာများ' (Warrior Soul- The Memoir of a Navy Seal)စာအုပ်ကို ရေးခဲ့သူ 'ဆီးလ်တပ်ဖွဲ့ခြောက်' မှ အရာရှိတစ်ဦးဖြစ်၏။ သူက 'အိုစမာဘင်လာဒင်' စစ်ဆင်ရေးနောက်ကြောင်းသမိုင်း အခိုင်အလုံကို သုတေသနပြုထားသူဖြစ်သည်။ 'နေဗီဆီးလ်တပ်ဖွဲ့' ၏ အတွင်းရေးကိုလည်း ကိုယ်တွေ့သိထားသူဖြစ်သည်။ ထို့ကြောင့် ယခုစာအုပ်သည် သမိုင်းကြောင်းအရရော တင်ပြပုံပါ အလွန်ခိုင်မာနေ၏။ စွန့်စားခန်းစစ်ဝတ္ထုအနေဖြင့်ပဲ ဖတ်ဖတ်၊ ၂၁ ရာစု အကြီးမားဆုံးစစ်ဆင်ရေး ကိုယ်တွေ့ဇာတ်လမ်းအနေဖြင့်ပဲကြည့်ကြည့် အလွန်ခိုင်မာတိကျပြီး အစမှအဆုံး လက်ကမချနိုင်အောင် ဆွဲဆောင်မှုရှိသော လက်ရာဖြစ်သည်။ စိုးစံစာပေ ဖုန်း-၀၁-၅၄၆၁၅၀ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## အာဖရိကအတွက်စိန်ခေါ်မှု




အရှေ့အာဖရိကဒေသတွင် ပထမဆုံးဒေါက်တာဘွဲ့ရခဲ့သူ ၂၀၀၄ ခုနှစ် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် ကင်ညာနိုင်ငံသူ Wangari Muta Maathai ၏ The Challenge for Africa စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ အာဖရိက၏ ကိုလိုနီဘဝတွင် ကြုံတွေ့ခဲ့ရသည့်ဒုက္ခ၊ လွတ်လပ်ရေးရပြီးနောက် နိုင်ငံ့ခေါင်းဆောင်များ၏ မတရားမှုများ၊ ကိုယ်ကျိုးရှာမှုများ၊ အကျည်းတန်သော လာဘ်စားမှုများ ကြုံတွေ့နေရသည့်ဒုက္ခ၊ လူမျိုးစုချင်း ရက်စက်စွာတိုက်ခိုက်သတ်ဖြတ်နေကြသည့် ဒုက္ခ၊ သစ်တောများ ပြုန်းတီးပြီး ရှားပါးတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်နေသည့် ဒုက္ခ၊ လူအများ အသိဉာဏ်နည်းပါး၍ အမှန်အမှားခွဲခြားသိမြင်ခြင်းမရှိသော ဒုက္ခများကို အခြေပြု၍ ဒေါက်တာစန်းဝင်း(သစ်တောတက္ကသိုလ်) က ရေးသားထားသည်။ ပန်းမျိုးတစ်ရာစာပေ ဖုန်း-၀၁-၂၀၂၃၇၂ မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

## ဘုတလင်မြို့နှင့် ၁၂ မိုင်အကွာ ဘုရားကြီးကျေးရွာ ယဉ်ကျေးမှုအနုပညာပြတိုက် ကုန်းဘောင်ခေတ်လက်ရာများကို လေ့လာနိုင်ရန်ပြသထား

**ဘုတလင် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့မှ ၁၂ မိုင်ဝေးသော သခွတ္တနယ်၊ ထိုမှ သုံးမိုင်ဝေးသော ဘုရားကြီးကျေးရွာ (ဘုတလင်မှ ဘုရားကြီးရွာ ၁၅ မိုင်)၏ မြောက်ဘက်တွင် မဟာလောကမာရဇိန်ဘုရားကြီးနှင့် ကပ်လျက် ဘုရားကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကုန်းဘောင်ခေတ် ယဉ်ကျေးမှုအနုပညာလက်ရာများကို အလျား ၁၅ တောင်၊ အနံ ၁၀ တောင် အခန်းရှိအဆောက်အအုံဆောက်လုပ်၍ ပြသထားသည်။ **(ယာပုံ)**



ဘေးနံရံအကာများတွင် ရာမဇာတ်ရုပ်စုံလက်ရာများကို ထွင်းထုထားသော ကျောက်ပြားများထောင်လျက် ပြသထားသည်။ ကျောက်ပြားတစ်ချပ်လျင် ၁၈ လက်မ ပတ်လည်ရှိပြီး ထုတစ်လက်မခန့်ရှိကာ ထွင်းထားသော ရာမဇာတ်လမ်းရုပ်စုံများကို ကြည့်ရှုလေ့လာနိုင်ရာ မြန်မာနိုင်ငံတွင် တွေ့ရှိရသမျှ ရာမဇာတ်ရုပ်စုံလက်ရာများအနက် အနုပညာ ဇာတ်လမ်းအပြည့်စုံဆုံးနှင့် စနစ်အကျဆုံးဖြစ်သော လက်ရာများကို ဘုရားကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်သာတွေ့ရတော့ကြောင်း သမိုင်းသုတေသီတစ်ဦးထံမှ သိရသည်။

အကြောင်းအရာအားဖြင့် လည်းကောင်း၊ လက်ကျလက်နအနေအထားအားဖြင့်လည်းကောင်း အဆင့်မြင့်လှသည်ဖြစ်၍ သမိုင်းဝင်လက်ရာများအဖြစ် ရုပ်ပုံတို့၏ ဟန်ပန်အမူအရာတို့မှာ အသက်ဝင်လှပြီး အချိုးအစားကျ ရုပ်သွင်ပေါ်လွင်လှသောကြောင့် ပန်းချီ၊ ပန်းပု ပညာရှင်များအနေဖြင့် နည်းယူဖွယ်ဖြစ်ကြောင်း အဆိုပါသမိုင်းသုတေသီက အကြံပြုထားသည်။

အဝတ်အစား အသုံးအဆောင်နှင့် ဇာတ်ကွက်ဇာတ်လမ်းတို့သည် ရာမဇာတ်တော်များ ထွန်းကားသည့် ယိုးဒယားစသော အိမ်နီးချင်းနိုင်ငံများမှ ရာမဇာတ်တော်များနှင့် နှိုင်းယှဉ်လေ့လာဖွယ်ပင်ဖြစ်ကြောင်း၊ မူလပထမတွင် ကျောက်ပြားချပ်ရေပေါင်း ၃၄၇ ချပ်ရှိခဲ့ရာမှ ၄၄ ချပ်မှာ ပျက်စီးသွားခဲ့သောကြောင့် ၃၀၄ ချပ်သာ ကျန်ရှိတော့ကြောင်း သိရသည်။ ယခုအခါ အနုပညာလက်ရာကျောက်ချပ်များ မပျက်စီး၊ မပျောက်ပျက်ရအောင် နံရံကပ်ထောင်ထားပြီး အစွန့်ရှည်စွာတည်စေခြင်း အလို့ငှာ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ကျောက်ပြားရုပ်ထွင်းများကို စနစ်တကျ ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း၊ မင်လိုမ့်ကူးယူခြင်းများပြုလုပ်ခဲ့ပြီး အဆောက်အအုံကို ရှေးဟောင်းသုတေသနဦးစီးဌာနက ငွေအကုန်အကျခံ၍ ဆောက်လုပ်ထားကြောင်း သိရသည်။

ဘုန်းတော်ကြီးကျောင်းပေါ်တွင် ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုတို့မှ ထုတ်နုတ်၍ အကျဉ်းချုပ်စာသားကို အောက်ခြေတွင် လည်းကောင်း၊ အပေါ်ပိုင်းတွင်ဆေးရေးပန်းချီလက်ရာ ရုပ်ပုံတို့ဖြင့် တန်ဆာဆင်ထားသော ရှေးပုရပိုက်ဖြူများကို ကြည့်ရှုနိုင်သလို ကလယ်လူမျိုးတို့ ကိုးကွယ်သော ဦးခေါင်း ခြောက်လုံးရှိပြီး လက် ၁၂ ဖက်တွင် ဓား၊ မောင်း၊ လက်ရိုက်၊ တင်းပုတ်၊ ဝါးချွန်၊ ခက်ရင်း၊ သန်လျက်၊ တူလေး၊ ဒိုင်း၊ လှွားတို့ကို ကိုင်ဆောင်ထားသော ဂေါဝိန္ဒရုပ်လုံးပုံကြီးကို တွေ့ရမည်ဖြစ်သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေဖြူကန်-ငွေးကုန်း-ချုံအင်း ဂဝံလမ်းဖွင့်

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၀**

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေဖြူကန်-ငွေးကုန်း-ချုံအင်း ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီခွဲက အဆိုပါ လမ်းထိပ်ရှိ မုခ်ဦး၌ ကျင်းပသည်။

ဂဝံလမ်းကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခွန်နောင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ရေဖြူကန်-ငွေးကုန်း-ချုံအင်း ဂဝံလမ်းသစ်မှာ အရှည်ပေ ၃၀၄၀၊ အကျယ် ၁၀ ပေရှိပြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၂၁၂၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(နေလင်း)**

မီးမှန်သမျှ
သုံးတတ်က
မချမ်းဘေး
စဉ်ကင်းဝေး

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဇန်နဝါရီ ၁၆ ရက်မှ ၃၁ ရက်အထိ ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုနှင့် ဆက်စပ်ဖြစ်စဉ်များ

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၃၁ ရက်အထိ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုနှင့်ဆက်စပ်ဖြစ်စဉ် ၁၅ မှု ဖြစ်ပွားခဲ့ရာ လူငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များအား ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသွားပြည်သူများ သတိပြုဆင်ခြင်နိုင်စေရန်အလို့ငှာ အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**၄၃ ယာဉ်ကြီး ခရီးသည်နှင့်ကိုယ်ပိုင်ယာဉ်အားတိုက်မိမှု**

- မထသ ( မြို့တွင်း) စီမံမှုအောက်ရှိ ၄၃ ယာဉ်ကြီးလိုင်းမှ ယာဉ်အမှတ် ၉က/၄၆---ယာဉ်သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က အောင်မင်္ဂလာအဝေးပြေးမှ ဆူးလေသို့ပြေးဆွဲစဉ် သုဓမ္မာလမ်းမပေါ်ရှိ ကန်သာယာလမ်းဆုံ မီးပွိုင့်အရောက် မီးနီနေသဖြင့် ဘရိတ်အုပ်လိုက်ရာ ဘရိတ်ပေါက်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ခရီးသည် လေးဦးအားတိုက်မိပြီး မ တစ်ဦးသေဆုံးကာ ကျားတစ်ဦး၊ မ နှစ်ဦး ဒဏ်ရာရရှိသည်။

**၄၃ ဒိုင်နာယာဉ် စက်ဘီးစီးသူအားတိုက်မိမှု**

- မထသ (မြို့တွင်း) စီမံမှုအောက်ရှိ ၄၃ ယာဉ်လိုင်းမှ ယာဉ်အမှတ် ၃ခ/ --- ဒိုင်နာယာဉ်သည် ဇန်နဝါရီ ၂၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ က အောင်မင်္ဂလာအဝေးပြေးမှ ဒဂုံဈေးအဝေးပြေးသို့သွားစဉ် ရဲဘော်ဟောင်းမှတ်တိုင်အနီး စက်ဘီးစီးလာသူ ကျားတစ်ဦးအားတိုက်မိရာ သေဆုံးသွားသည်။

**ရွှေညော့်သည် (၂) ယာဉ်မှ လမ်းဖြတ်ကူးသူအားတိုက်မိမှု**

- ရွှေညော့်သည် (၂) ယာဉ်လိုင်းမှ ယာဉ်အမှတ် ၇ခ/ --- ယာဉ်သည် ဇန်နဝါရီ ၃၀ ရက် နံနက် ၆ နာရီ မိနစ် ၂၀ က လှိုင်သာယာမှ ဆူးလေသို့သွားစဉ် လှိုင်သာယာမြို့နယ် အဆင့်မြင့်မှတ်တိုင်အနီး လမ်းဖြတ်ကူးသူ ကျားတစ်ဦးအား တိုက်မိရာ သေဆုံးသွားသည်။

**၃၆ ဘီအမ်ယာဉ်မှ လမ်းဖြတ်ကူးသူအား တိုက်မိမှု**

- မထသ (မြို့တွင်း) စီမံမှုအောက်ရှိ ၃၆ ယာဉ်လိုင်းမှ ယာဉ်အမှတ် ၈/--- ဘီအမ်ယာဉ်သည် ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီခွဲက ဆူးလေမှ မြောက်ဒဂုံသို့သွားစဉ် ရန်ကင်းမြို့နယ် ရန်ကင်းစာတိုက်မှတ်တိုင်အနီး လမ်းဖြတ်ကူးသူ ကျားတစ်ဦးအား တိုက်မိရာ သေဆုံးသွားသည်။

**၁၃၁ ဟိုင်းလပ်ယာဉ်မှ ဆိုင်ကယ်အားတိုက်မိမှု**

- မြောက်ပိုင်းခရိုင် စီမံမှုအောက်ရှိ ၁၃၁ ယာဉ်လိုင်းမှ ယာဉ်အမှတ် ထ/ --- ဟိုင်းလပ်ယာဉ်သည် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က မှော်ဘီမှ ရန်ကုန်သို့အပြန် မှော်ဘီမြို့နယ် ကြာဖြူကန် ဓာတ်အားခွဲရုံရှေ့အရောက် အရှိန်ပြင်းစွာမောင်းနှင်မှုကြောင့် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် ဆိုင်ကယ်အား တိုက်မိခဲ့ရာ ဆိုင်ကယ်စီးလာသူ ကျားတစ်ဦးသေဆုံးသွားသည်။

**(ဆွေဆွေနိုင်-သတင်းစဉ်)**





# မတူညီတဲ့ ဇာတ်ကောင်စရိုက်တွေကို စိတ်ဝင်စားတဲ့ ဟယ်ရီပေါ်တာဇာတ်ကားမှ သရုပ်ဆောင် Rupert Grint

နာမည်ကျော် ဟယ်ရီပေါ်တာဇာတ်ကားမှ ဒန်နီယယ်ရက်ကလစ်ဖ်၊ အမ်မာဝပ်ဆွန်တို့နှင့်အတူ သရုပ်ဆောင်ခဲ့သည့် သရုပ်ဆောင် Rupert Grint **(ဝဲပုံ)**က ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပလျက်ရှိသည့် (၆၃)ကြိမ်မြောက် ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ပြသမည့် ၎င်းပါဝင်ရိုက်ကူးထားသော The Necessary Death of Charlie Countryman ဇာတ်ကားမှ အသက်ငယ်ငယ်မှော်ဆရာတစ်ဦးအသွင် သရုပ်ဆောင်ခန်းမှ ပြောင်းလဲပေးထားမှုအပေါ် ကျေနပ်မှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

Rupert Grint သည် ဟယ်ရီပေါ်တာဇာတ်ကားတွင် ဟယ်ရီ၏သစ္စာအရှိဆုံးသူငယ်ချင်းဖြစ်သူ Ron အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယခုဇာတ်ကားတွင်မူ ၎င်းက မူးယစ်ဆေးစွဲမှုကြောင့် ကြောင်တောင်တောင်ဖြစ်နေရသောလူငယ်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားသည် ဘာလင်ရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသမည့် ထိပ်တန်းဇာတ်ကား ၁၉ ကားတွင် တစ်ကား အပါအဝင်ဖြစ်သည်။

လွန်ခဲ့သည့် ၁၁ နှစ်အတွင်း သရုပ်ဆောင်ခဲ့ရမှုများမှာ မှော်ဆရာတစ်ဦး၏ဇာတ်ကောင်နေရာမှသာ သရုပ်ဆောင်ခဲ့ရကြောင်း၊ မတူညီသော တစ်မူထူးခြားသည့် ဇာတ်ကောင်စရိုက်များကိုလည်း လုပ်ကြည့်ချင်သေးကြောင်း ၎င်းက ဆိုသည်။

အဆိုပါ The Necessary Death of Charlie Countryman ဇာတ်ကားသည် ၂၀၁၃ ခုနှစ်တွင်မှ အသစ်ထွက်ရှိလာသော ဟာသ၊ အချစ်၊ အက်ရှင်ဇာတ်ကားတစ်ကားဖြစ်ပြီး ဒါရိုက်တာ ဖရီဒရစ်ခ် ဘွန်းက ရိုက်ကူးပုံဖော်ပေးထားသည်။



အီတလီသရုပ်ဆောင် အစ္စဘဲလ်လာ ရိုဆယ်လီနီ။

## The Berlinale Camera Award အီတလီသရုပ်ဆောင် ရရှိ

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပလျက်ရှိသည့် (၆၃)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ အီတလီသရုပ်ဆောင်၊ မော်ဒယ်လ်၊ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်သည့် အစ္စဘဲလ်လာရိုဆယ်လီနီက ရုပ်ရှင်လောကတွင် တစ်မူထူးခြားသောစွမ်းဆောင်ရည်ရှိသူများကို ရွေးချယ်အပ်နှင်းသည့် The Berlinale Camera Award ကို ရရှိဆွတ်ခူးခဲ့ကြောင်း သိရသည်။

# အဆိုတော်လုပ်ဖို့စိတ်ကူးမရှိတဲ့ အန်နီဟက်သ်ဝေး

မကြာမီကျင်းပမည့် အော်စကာဆုပေးပွဲအတွက် Les Miserables ဇာတ်ကားဖြင့် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရသူ အန်နီဟက်သ်ဝေးက ယင်းဇာတ်ကားရိုက်ကူးပြီးနောက်ပိုင်းတွင် ပြဇာတ်ဆန်သောရုပ်ရှင်များကို ပိုမိုရိုက်ကူးလိုသည့် ဆန္ဒရှိခဲ့သော်လည်း သူမသည် အောင်မြင်သည့် အဆိုတော်တစ်ယောက်ဖြစ်လာရန် မျှော်လင့်မထားကြောင်း ဆိုသည်။

ပြင်သစ်စာရေးဆရာ ဗစ်တာဟူဂို၏ ဝတ္ထုအား ဒါရိုက်တာ တွန်ဟော့ပါက ရိုက်ကူးပုံဖော်ထားသည့် အဆိုပါ Les Miserables ဇာတ်ကားကို သရုပ်ဆောင် ဟက်ခ်ဂျက်မန်း၊ အန်နီဟက်သ်ဝေးတို့က အဓိကပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို ယခုကျင်းပလျက်ရှိသည့် (၆၃)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် အပယ်ခံမိခင်တစ်ဦးအဖြစ် ပီပြင်စွာသရုပ်ဆောင်ခဲ့သည့် အန်နီဟက်သ်ဝေးက (၈၅) ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုအတွက် လျာထားခြင်းခံခဲ့ရသည်။

ထို့အပြင် သူမက ယင်းကဲ့သို့ဇာတ်ကားမျိုးရိုက်ကူးရခြင်းကို နှစ်သက်ပါကြောင်း၊ အလားတူ ဇာတ်ကားများ ဆက်လက်ရိုက်ကူးသွားရန်လည်းရှိကြောင်းနှင့် ပရိသတ်တွေကိုရော သရုပ်ဆောင်တွေကိုပါ ကျေနပ်နှစ်သက်မှုပေးစွမ်းနိုင်တဲ့ အလားတူဇာတ်ကားများကို ဆက်လက်ရိုက်ကူးသွားရန်ဆန္ဒရှိပါကြောင်း သူမက သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် ပရိသတ်အကြား သီချင်းဆိုဖူးသော အတွေ့အကြုံမရှိသူ အန်နီဟက်သ်ဝေးက သူမတွင် တေးသီချင်းအယ်လ်ဘမ်များ သီဆိုထုတ်ဝေဖြန့်ချိရန်အစီအစဉ် မရှိကြောင်း ပြောကြားခဲ့သည်။

**ဖြိုးစန္ဒာမြင့် စုစည်းသည်**



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၁-၂-၂၀၁၃ (တနင်္လာနေ့)

| | |
|---|---|
| ၅:၀၀ | "ဘဒ္ဒန္တဝေပုလ္လဇောတိ (ခိုနားရာဆရာတော်)" ဟောကြားတော်မူသောတရားတော် |
| ၈:၂၀ | Happy Time Happy Lessons |
| ၁၀:၅၀ | ဟင်းချက်ရအောင် |
| ၅:၁၀ | ပင်လုံသက်သေပြည်ထောင်စုမြေ |
| ၇:၁၀ | တိုးတက်လာသောဆေးပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှု(ဖန်ပြွန်သန္ဓေဝန်ဆောင်မှုနှင့် ချက်ကြိုးသွေးသိမ်းဆည်းထားမှု)(အပိုင်း-၂) |
| ၈:၁၅ | Road To နိုင်ငံကျော်ပြည်သူချစ်တေးသံရှင် မာမာအေး တေးရတနာများဂီတဖျော်ဖြေပွဲ |
| ၉:၁၅ | Talent Show (စန္ဒရားဖွဲ့မာန်ဇော်ဝင်း) |

**Barclays Premier League** ဘောလုံးပွဲစဉ်

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂:၃၀ | Liverpool - West Brom | (Fox Sports) |

**Spain Laliga** ဘောလုံးပွဲစဉ်

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၃:၀၀ | Real Betis - Valladolid | (Star Sports) |

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ဆရာဦးခင်မောင်လေး(ခ) ပိုးသောကြာ အသက်(၇၀)ပြည့် အထိမ်းအမှတ်ဆုတောင်းလွှာ
ဒေါ်အောင်ဆန်းစုကြည်ထံမှ ပိုးသောကြာ(ခေတ်+မိုး)ထံသို့
အသက်(၇၀)အရွယ်ဆိုတာ ရာစုနှစ်တစ်ခုစာနီးပါးဖြစ်ပြီး ခေတ်စနစ်အတွေ့တွေကိုဖြတ်သန်းခဲ့ရတယ်။ အတွေ့အကြုံအမျိုးမျိုးကိုလည်း ရရှိခဲ့တယ်ဆိုတဲ့သက်သေပါ။ သတင်းစာဆရာဆိုတော့ ခေတ်တွေကိုတခြားသူတွေထက်တောင်မှ ပိုပြီးဝေဖန်ပိုင်းခြားသိမြင်ခံစားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။
ငယ်စဉ်ကတည်းကနေ အခုအချိန်ထိတိုင်အောင် သတင်းစာဆရာအနေနဲ့ ရပ်တည်လှုပ်ရှားနိုင်တဲ့ အားမာန်နဲ့သတ္တိကိုလည်း လေးစားမိပါတယ်။ ရာစုနှစ်တစ်ဝက်ကျော် သတင်းအမှောင်ခေတ်ကို ဖြတ်သန်းလာခဲ့တဲ့ ကျွန်မတို့တိုင်းပြည်မှာ ရှေ့မီနောက်မီ သတင်းစာခေတ်ကောင်းကိုမီခဲ့တဲ့ သတင်းစာဆရာကြီးတွေဟာ တန်ဖိုးမဖြတ်နိုင်အောင်ပါပဲ။
အခုလို ထိုက်သင့်သလောက် ပွင့်လင်းလာတော့မယ့်သတင်းစာခေတ်မှာ အဓိပ္ပာယ်ရှိပြီး ခေတ်ကိုအမှန်တကယ် အလုပ်အကျေးပြုနိုင်မယ့် သတင်းစာတွေမှာ အတွေ့အကြုံရင့်ကျက်တဲ့ သတင်းစာဆရာတစ်ယောက်အနေနဲ့ ခေတ်ဝန်ကိုထမ်းတာ နှစ်ပေါင်းများစွာဆက်ပြင်ချင်ပါသေးတယ်။ အဲဒါကြောင့် အသက်(၇၀)ပြည့်တဲ့နေ့၊ သတင်းစာသက်တမ်းနှစ် (၆၀)ပြည့်တဲ့နေ့ အခါသမယမှာ အသက်(၁၂၀)တိုင်အောင် တိုင်းပြည်အကျိုး၊ သတင်းစာလောကအကျိုး၊ မိသားစုအကျိုးကို ဆက်လက်ထမ်းရွက် သယ်ပိုးနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၆ ) ရက် )

သာသနာ့ဂုဏ်ဆောင် ဗုဒ္ဓ ဓမ္မ သံဃ
အလင်းရောင်
ကျိုက်ထီးရိုး (နေ့စဉ်)၊ ချောင်းသာ (နေ့စဉ်) အထူးနှုန်း စား+တည်း+ငြိမ်း (20000/-)
အလောင်းတော်ကဿပမုံရွာစစ်ကိုင်း Feb 9/15/22 စား+တည်း+တဆင့်ကားငြိမ်း (55000/-)
ရွှေစက်တော်ဖွင့်ပွဲ(သီးသန့်) Feb 13/14 စား+တည်း+ငြိမ်း (35000/-)
ရွှေစက်တော်၊ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး(ရွှယ်တော်လေးဆူ)၊ ပခုက္ကူ 09421061860
ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ မန္တလေး၊ မေမြို့၊ မုံရွာ 09421099405 09421129597
ကားစီးလုံးငှား အထူးနှုန်းဖြင့် စီစဉ်ပေးသည်။

Golden Luck Air-Con Express
ပုဂံ(ရွှေစက်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သောကြာ အလောင်းတော်ကဿပ
ချောင်းသာ 10000
Hotel, Guest House ရိုက်ငြိမ်း ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးသည်
0949259331,09401601098

မိဘဂုဏ်(ကိုထွေး)အဆင့်မြင့်ဘလိတ်စားသွားဆူးကြိုး အရောင်းခန်းမမှ
သံမလိုက်သော စတီး ဘလိတ်စားသွားဆူးကြိုးများကို ဈေးနှုန်းချိုသာစွာဖြင့်
တိုက်ရိုက် ရောင်းချ တပ်ဆင်ပေးနေပါသည်။
ရန်ကုန်အရောင်းခန်းမ - အမှတ်(၁၂) အခန်း(၄/၅)မင်းနန္ဒာလမ်းမကြီး (Capital Hyper Market)အနီး သာကေတမြို့နယ်
Ph : 09 - 50-64145, 09 - 49-276627, 09 - 4200-60449
နေပြည်တော်အရောင်းခန်းမ - အမှတ်(၉/၄၁၂၆) ရေဝတီလမ်းမကြီး (ဘောလုံးကွင်းအနီး) နေပြည်တော် ပျဉ်းမနားမြို့
Ph : 09 - 49-580855, 09 - 49-588063, 09 - 420-707316



တစ်ရက် ၅၀ ဂါလန်ထွက်
PR-SET (3)
RO+UV

တစ်ရက်၁၀၀ဂါလန်ထွက်
PR-SET (7)
RO+UV
မြန်မာဇော်ထူး
QUALITY LIFE FROM QUALITY WATER
QUALITY WATER FROM MYANMAR ZAW HTOO
ရေသန့်ပစ္စည်းရောင်းဝယ်ရေး
အဆုံးမရှိ ဂါရဝတရားနှင့် ထိုက်တန်သူ အဘိုး+အဘွား ၊ အမိ + အဖ ၊ ဆရာသမားများ
သက်ရှည်ကျန်းမာစေဖို့ အတွက် ... အိမ်သုံးအဆင့်မြင့် R.O + UV ရေသန့်စက်(ခစ်ခစ်)များ
၁နှစ်အာမခံ
တပ်ဆင်ပေးခြင်းဖြင့် ကုသိုလ်ယူနိုင်ပြီး ...
သားသား ၊ မီးမီး တို့ နှင့် မိသားစုဘဝ သက်ရှည်ကျန်းမာစေဖို့ အတွက် ... အိမ်သုံးအဆင့်မြင့်
R.O + UV ရေသန့်စက်(ခစ်ခစ်)များ တပ်ဆင်သောက်သုံးခြင်းဖြင့် ဝုဏ်ယူနိုင်ပါပြီ ...
စက်ခြင်းယှဉ်လျှင် အဆင်းလည်းမတူ အရည်အချင်းလည်းမတူသလို ရရှိလာသော ရေ၏အဆင့်အတန်းလည်း လုံးဝ လုံးဝ မတူညီနိုင်ပါ။ လူသားအချင်းချင်း လှည့်ဖြားခံရခြင်း ကင်းကြပါစေ။
အိမ်သုံး ( အထွေထွေသုံးရန်အတွက် ) ရေစစ်အိမ် အမျိုးမျိုး၊ အိမ်သုံး ( သောက်ရန်အတွက် ) အဆင့်မြင့် RO+UV ရေသန့်စက်အမျိုးမျိုး၊ ရေ ( စစ် / တိုင်း ) မီတာအမျိုးမျိုးနှင့် ရေစစ် FILTER အမျိုးမျိုး ဝယ်ယူရရှိနိုင်ပါသည်။
တနင်္ဂနွေနေ့တိုင်း ဆိုင်ပိတ်သည်။
အမှတ် (၃၂၅)၊ မြေညီထပ်၊ ဗိုလ်ဆွန်ပက်လမ်း-အထက်လမ်း (ယခင်မောင်ထော်လေးလမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဆိုင်) ၀၁-၃၈၃၈၄၂ ၊ ၀၁-၃၈၃၈၇၆ ၊ ၀၁ ၃၇၇၉၂၀ ။ (ဖက်စ်) ၀၁-၂၄၃၆၈၀။
(Mobile) မောင်ဇော်မင်းထူး ၀၉ ၅၁၃ ၈၇၈၆ ၊ ၀၉ ၇၃၃၃ ၈၇၈၆၊ မောင်ဇော်ဝင်းထူး ၀၉ ၅၁၄ ၈၇၈၆၊ ၀၉ ၇၃၃၄ ၈၇၈၆၊ web : www.myanmarzawhtoo.com / www.mzhwatertreatment.com
ရန်ကုန်မြို့တွင်းအခမဲ့ တပ်ဆင်ပေးပါသည်။

# အတိတ်သင်္ကြန်လွမ်းဆွတ်ဖွယ် စာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

အမျိုးသားစာပေဆုရ စာရေးဆရာ ဆူးငှက်က မန္တလေးသင်္ကြန်၏ သမိုင်းယဉ်ကျေးမှု အစဉ်အလာများ ကို “ရေနန်းသဘင်၊ ရွှေမန်းတွင်၊ ငွေငန်းဆင်” ခေါင်းစဉ်ဖြင့် စာတမ်း ဖတ်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အိုရီယန်တယ်ဟောက် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ခန်းမ၏အဝင်ဝတွင် အုန်းလက်မဏ္ဍပ်တည်ဆောက်ကာ စာတမ်းဖတ်ပွဲခေါင်းစဉ်ကို ပိတောက်ပန်းများအကြားတွင် ချိတ်ဆွဲထားပြီး မန္တလေးသင်္ကြန်ရေပက်မဏ္ဍပ်ဖြင့် ကြိုဆိုသကဲ့သို့ ဖြစ်နေသည်။

အဆိုပါ အခမ်းအနားအား ဦးစိန်မောင်ချိုဦးစီးသော နန်းတော်ရှေ့မဟာမင်္ဂလာစည်တော်ကြီးအဖွဲ့၏ မင်္ဂလာစည်တော်သံဖြင့် ဖွင့်လှစ်ပြီး မန္တလေးစာပေနှင့် အနုပညာရှင်များ၊ လူမှုကူညီရေး အစီအစဉ် ဥက္ကဋ္ဌ ရွှေမန္တလေးဂျာနယ် အယ်ဒီတာချုပ် စာရေးဆရာသိုက်ထွန်းသက်က အဖွင့်မှုဒိတာစကား ပြောကြားသည်။

စာတမ်းဖတ်ပွဲကျင်းပရခြင်းနှင့်ပတ်သက်ပြီး စာရေးဆရာဆူးငှက်အား မေးမြန်းကြည့်ရာ“သင်္ကြန်ဆိုတာ မြန်မာ့ယဉ်ကျေးမှုရဲ့ ပြယုဂ်ဖြစ်တယ်။ ၁၂ ရာသီပွဲတော်များမှာ အခမ်းနားဆုံး အကြီးကျယ်ဆုံးဖြစ်တယ်။ သင်္ကြန်က မြန်မာ့ယဉ်ကျေးမှုရဲ့ အထွတ်အထိပ်ဖြစ်တယ်။ မန္တလေးသင်္ကြန်ဟာ ရတနာပုံ နေပြည်တော်ခေတ်ကတည်းက ယဉ်ကျေးမှုတွေဆုံခဲ့တဲ့ နေရာဖြစ်တော့ ဒီအစဉ်အလာကို ဆက်ခံခဲ့ကြတယ်။ ပါတော်မူပြီးနောက် ဘယ်အထိတောင် ခေတ်အနေနဲ့ အခြေခံပြီး ယဉ်ကျေးမှုထွန်းကားခဲ့သလဲဆိုတော့ ၁၉၃၀၊ ၁၉၄၇၊ ၁၉၅၀၊ ၁၉၅၁၊ ၁၉၆၀၊ ၁၉၇၀ ဝန်းကျင် ၁၉၈၀ လောက်ထိပေါ့။ ၁၉၈၀ နဲ့ ၁၉၉၀ ကြားမှာ သင်္ကြန်ဟာ ယုတ်လျော့သွားတယ်။ ၂၀၀၀ ပြည့်နှစ် ဒီဘက်မှာဆိုရင် ယဉ်ကျေးမှုသင်္ကြန်ဆိုတာ ပျောက်သလောက်ဖြစ်သွားတယ်။ အခု တစ်နှစ်ထက်တစ်နှစ် ကျဆုံးခြင်းဒီရေက တော်တော်ဆိုးဆိုးရွားရွား ဖြစ်လာတယ်။ ဒီသင်္ကြန်နဲ့ပတ်သက်ပြီးတော့ ဖြတ်သန်းခဲ့ဖူးသူတွေလည်း လွမ်းဆွတ်စေအောင်၊ မဖြတ်သန်းဖူးသေးတဲ့ သူတွေလည်း ငါတို့သင်္ကြန်ဟာ ဒီလိုယဉ်ကျေးပါလား။ ဒီလို ဖွယ်ဖွယ်ရာရာပါလား။ ဒီလိုရိုးရာပါလားဆိုတာ သိစေချင်တဲ့ စေတနာနဲ့၊ သိစေချင်တဲ့ရည်ရွယ်ချက်တွေနဲ့ အခုလိုစာတမ်းဖတ်ပွဲ လုပ်ရတာပါ”ဟု ရှင်းပြသည်။

စာတမ်းဖတ်ပွဲတွင် ရတနာပုံခေတ်၊ စစ်ကြိုခေတ်၊ စစ်အတွင်း ပြည်တော်ဝင်ခေတ်၊ စစ်အပြီး ၁၉၄၇ ရွှေမန်းတောင်ရိပ်ခိုခေတ်၊ ၁၉၅၀ ငြိမ်းချမ်းရေးခေတ်၊၁၉၅၁ခုနှစ် ပြည်ထောင်စုသင်္ကြန်၊ ၁၉၇၀ ဝင်းဦးနှင့်မြို့မသင်္ကြန်၊ ၁၉၈၀ သင်္ကြန်မိုးသင်္ကြန်စသည့် ခေတ်အဆက်ဆက် သင်္ကြန်ပွဲတော်ကျင်းပလာခဲ့ပုံကို လွမ်းဆွတ်ဖွယ်ဖြစ်အောင်ပြောကြားပြီး ထိုခေတ်ထိုအခါက ကျော်ကြားခဲ့သော သင်္ကြန်သီချင်းများ၊ အကအလှများနှင့် ပုံဖော်ထားသည်။ ထို့သို့ သရုပ်ဖော်ရာတွင် နန်းတော်ရှေ့မဟာ မင်္ဂလာစည်တော်ကြီးအဖွဲ့၊ မြို့မတူရိယာအသင်း၊ ဘိသိက်ပညာရှင် ငါးမည်ရတင်သိန်း၊ အကပညာရှင် ဒေါ်ခင်ဝင်းနွယ်၊ ပန်တျာငွေငွေမြင့်၊ နိုင်ငံကျော်တေးသံရှင် ရီရီခင်နှင့် မြို့မပင်တိုင်တေးသံရှင်များ၊ မန္တလေးမှ သတင်းထောက် လူငယ်များ၊ မန္တလေးမော်ဒယ်များအဖွဲ့တို့က ပံ့ပိုးပါဝင်ကြသည်။ (၀၀၂)




# မိတ္ထီလာတွင် ပုဂ္ဂလိကဘဏ်များ အပြိုင်အဆိုင်ဖွင့်ရန် စီစဉ်နေ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၀**

မိတ္ထီလာမြို့သည် ခရိုင်မြို့ကြီးဖြစ်သည်။ မိတ္ထီလာ၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ကျောက်ပန်းတောင်း၊ မြင်းခြံသွားကားလမ်း ငါးလမ်းဆုံရာမြို့ဖြစ်ပြီး အရောင်းအဝယ်ဖွံ့ဖြိုးတိုးတက်ကာ လူနေထူထပ်သော မြို့ကြီးဖြစ်သည်။ ထို့အပြင် တပ်ရင်းတပ်ဖွဲ့များ၊ တက္ကသိုလ်များ၊ သင်တန်းကျောင်းများလည်းရှိ၍ အထူးစည်ကားသော မြို့ဖြစ်သည်။

မိတ္ထီလာမြို့တွင် ကုန်သည်ပွဲစားများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်အများအပြားရှိသဖြင့် ပုဂ္ဂလိကဘဏ်များ အပြိုင်အဆိုင်လာရောက်ဖွင့်လှစ်နေကြသည်။ ယခင်က မိတ္ထီလာတွင် မြန်မာ့စီးပွားရေးဘဏ်တစ်ခုတည်းရှိရာမှ ၂၀၀၈ ခုနှစ်မှစ၍ ပုဂ္ဂလိကဘဏ်များဖြစ်သော ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်များ အပြိုင်အဆိုင်ဖွင့်လှစ်လာခဲ့သည်။ ထို့နောက် CB ဘဏ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်များလည်း ဖွင့်လှစ်လာခဲ့ကြသည်။

ဤကဲ့သို့ မိတ္ထီလာမြို့တွင် စီးပွားရေးအချက်အချာကျပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ပုဂ္ဂလိကဘဏ်များဖြစ်သော အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်ကလည်း မိတ္ထီလာမြို့ သီရိမင်္ဂလာရပ် ရန်ကုန်-မန္တလေးကားလမ်းတွင် အဆောက်အအုံအသစ်ဖြင့် ဘဏ်ဖွင့်လှစ်ရန် စီစဉ်နေသည်။ ထို့အတူ မြန်မာ့ရှေ့ဆောင်ဘဏ်ကလည်း မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးလမ်း လင်းဇင်းရပ်တွင်ဘဏ်ဖွင့်လှစ်ရန် အဆောက်အအုံကြီး ဆောက်လုပ်နေသည်။ ထိုနည်းတူ အမရာဘဏ်ကလည်း မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးကားလမ်းဘေး ပန်းထိမ်တန်းရပ်တွင် ဘဏ်အသစ်ဖွင့်လှစ်ရန် အဆောက်အအုံများ အပြိုင်အဆိုင် ဆောက်လုပ်နေကြသည်။

မိတ္ထီလာမြို့တွင် ယခုလက်ရှိ ပုဂ္ဂလိကဘဏ်များဖြစ်သော ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်နှင့် CB ဘဏ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်တို့မှာလည်း ငွေလွှဲသူ၊ ငွေပို့သူများဖြင့် အထူးစည်ကားနေသည်။ ယခု လက်ရှိ ပုဂ္ဂလိကဘဏ်များတွင် မိတ္ထီလာမြို့မှ လုပ်ငန်းရှင်များ သာမက ဝမ်းတွင်း၊ မလှိုင်၊ သာစည်၊ ပျော်ဘွယ်မြို့များမှ လုပ်ငန်းရှင်များကလည်း ငွေသွင်းငွေထုတ်လာရောက်လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ (၁၁၁)

# မျိုးစိတ်ခွဲခြားခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မျိုးစိတ်ခွဲခြားခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းဆင်းပွဲ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးဌာန သင်တန်းကျောင်း၌ ဒီဇင်ဘာ ၃၁ ရက်တွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး TRAFFIC Southeast Asia မှ Ms.Claire Beastall နှင့် Ms.Renee Yee Oi Yen တို့အားအမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

သင်တန်းသို့ နယ်စပ်ကုန်သွယ်ရေး၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် ပြည်တွင်း NGO မှ သင်တန်းသား ၂၇ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေး ရက်ဖြစ်ကာ လက်တွေ့ကွင်းဆင်း လေ့လာမှုအဖြစ် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ မန္တလေးမြို့ ရတနာပုံ တိရစ္ဆာန် ဥယျာဉ်နှင့် မဟာမြတ်မုနိရုပ်ရှင်တော် မြတ်ဘုရား၊ လိပ်ကန်၊ ငါးကန်နှင့် တောင်သမန်အင်းတို့သို့ သွားရောက် လေ့လာခဲ့သည်။

အလားတူသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးဌာန သင်တန်းကျောင်းတွင် ဒီဇင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ရာ ဆက်စပ်ဌာနဆိုင်ရာများမှ သင်တန်းသားသင်တန်းသူ ၁၉ ဦး၊ သစ်တောဦးစီးဌာနမှ ၁၁ ဦးစုစုပေါင်း ၃၀ တက်ရောက်ခဲ့ပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ လှော်ကားဥယျာဉ်များသို့ ကွင်းဆင်းလေ့လာခဲ့သည်။ ဇီဝမျိုးစုံ မျိုးကွဲများအား မျိုးစိတ်ခွဲခြားခြင်းဆိုင်ရာ စွမ်းဆောင်ရည် မြင့်မားစေရေး၊ အာဆီယံဒေသအတွင်း တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကူးသန်းရောင်းဝယ်မှုများ လျှော့ချနိုင်ရန်နှင့် CITES ဆိုင်ရာလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန် အဆိုပါ သင်တန်းများကို ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနနှင့် The Secretariat and Southeast Asia, Biodiversity Information Initiative(BSABII)မှ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

**သစ်တောသစ်ပင် ဒို့ချစ်ခင်**
**အစဉ်စိုက်ပျိုး အလှတိုး**

# ရှားပါးတိရစ္ဆာန်များကို ပစ်ခတ်သတ်ဖြတ်မှုများရှိနေ

**ရေတာရှည် ဖေဖော်ဝါရီ ၁၀**

သဘာဝသစ်တောကြိုးဝိုင်းများအတွင်း ကျင်လည်ကျက်စားနေထိုင်လျက်ရှိကြသည့် ကျား၊ ကျားသစ်၊ မျောက်၊ ဝက်ဝံနှင့်အခြားသော ရှားပါးတိရစ္ဆာန်များကို ကရင်ပြည်နယ်၊ သံ



တောင်မြို့နယ်၊ နေပြည်တော်၊ လယ်ဝေးမြို့နယ် ခရိုင်ချင်းဆက်လမ်းအထက်တောင်ကြောများနှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့ ထိစပ်လျက်ရှိသော သစ်တောကြိုးဝိုင်းများတွင် ဒေသတွင်းရှိ မုဆိုးများက ပစ်ခတ်သတ်ဖြတ်မှုများ ရှိကြောင်း သိရသည်။

“အတွင်းကျတဲ့ သစ်တော ကြိုးဝိုင်းတွေမှာ ရှားပါးတောကောင်တွေ အများကြီးရှိသေးတယ်။ ကျား၊ ကျားသစ်၊ ဝက်ဝံ၊ ဖြူ၊ သင်းခွေချပ်၊ ချေ၊ အခြားစတဲ့ အကောင်တွေ တောင်ရှိတယ်” ဟု အဆိုပါဒေသများကို အလုပ်ကိစ္စများဖြင့် မကြာခဏ ရောက်ဖူးသူ တစ်ဦးက ပြောပြ၍ သိရသည်။

ထို့အပြင် သာလိကာကျေးငှက်များအား ထောင်ဖမ်းကာ တရားမဝင်ရောင်းဝယ်မှုများလည်း ရှိကြောင်း သိရပြီး တရားမဝင်ဖမ်းဆီးသတ်ဖြတ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်သင့်ကြောင်း အဆိုပါ ဒေသခံကပင် ဆက်လက်ပြောပြသည်။ (၅၇၈)

# ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ လုပ်ငန်း ညှိနှိုင်းစည်းဝေး

**လားရှိုး ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ် ရဲတပ်ဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်က လားရှိုးမြို့ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး)၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ မူးယစ် (အထူး) အဖွဲ့၊ သတင်းတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့၊ လူကုန်/ တား(အထူး) အဖွဲ့၊ ယာဉ်ထိန်း (လားရှိုး)၊ တပ်စုမှူး မီးရထားရဲတပ်ဖွဲ့ (လားရှိုး) တို့မှ တာဝန်ခံအရာရှိများ တက်ရောက်ကြပြီး အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများက မိမိတို့နယ်မြေအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၏ တင်ပြချက်အပေါ် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးက ဖြည့်စွက်ရှင်းလင်းတင်ပြကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၅ယ/၉၂၈၂၈၊ AnBo 125 ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူအမည် ဦးဆယ်သိန်း၊ မှတ်ပုံတင်အမှတ်[၉/ တသန (နိုင်)၁၇၃၇၀၇]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် မတလ/၁၇၀၅၀၆၊၁၁ယ/၂၄၉၉၅၊ Hi-Bird 110 Mc ယာဉ် လက်ဝယ်ရှိသူအမည်ဦးကျော်ဦး မှတ်ပုံတင်အမှတ်[၈/မကန(နိုင်) ၀၀၉၄၃၈]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်၁၂ယ/၉၉၇၈၁၊ Kenbo-125၊ Mc ယာဉ် လက်ဝယ်ရှိသူအမည် ဒေါ်ဇာခြည်သိမ့်၊ မှတ်ပုံတင်အမှတ်[၉/မရမ (နိုင်) ၀၈၂၅၃၈]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၈ယ/၂၁၆၅၊ အမျိုးအမည် Top(TJ-1)အမျိုးအစား စတေရှင်ဝက်ဂွန် (4x2)Rယာဉ်လက်ဝယ်ရှိသူအမည် ဦးခင်မောင်သိန်း၊ မှတ်ပုံတင်အမှတ်[၉/မနတ (နိုင်) ၀၅၆၆၃၀]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အထက (၁)၊ Grade (10)A မှ မမြတ်နိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်ကြီး[၅/ရဘန(နိုင်) ၁၄၃၅၁၈] ဖြစ်ပါကြောင်း။

**ဦးဝင်ကြီး**

## အခန်းဆက်ဝတ္ထု

(ယမန်နေ့မှအဆက်)

"အို ခက်နေပါပြီ ဒီမယ်. . ."

"ဟင် ကြည့်ပါဦး၊ နောက်ဆုတ်ပါဆို၊ ဩော်. . . ဒီသူငယ်မ ကလေးလား"

"အစစ်ပေါ့"

"အလို ဘုရား ဘုရား၊ ဘယ့်နှယ်လုပ်မလဲ၊ သူ့မှာ လွတ်လပ်တာမှ မဟုတ်ဘဲ၊ လက်ထပ်ပြီးတာ ဘာမှ မကြာသေးပါကလား"

အိုး . . ဒါတွေသိပါတယ်၊ ဒီတော့ အဲဒီသူငယ်မလေးကို ဟောဒီမြို့စားကြီး အိမ်ဦးသို့ ရောက်ရုံကလေးသာမင်းက ကြံစည်ဖို့တစ်ခုတည်း၊ ဘာမှ ခဲယဉ်းတာမဟုတ်ပါဘူး၊ သည်လိုအရာမှာ ပိပိရိရိနှင့် အကြံကို လူမသိရအောင်ဖုံးဖိရန်အချက်က အတော်အရေးကြီးတယ်၊ သည်အရေး အောင်မြင်ခဲ့လျှင် မင်းတစ်သက်မှာ ချမ်းသာပြီပဲ။

ဒါတော့ လွယ်တာမှ မဟုတ်ဘဲကလား. . ဟု ပြောနေစဉ် မြို့စားကြီး ဝင်ရောက်လာသောကြောင့် ဒူးတုပ်ကာ နေကြလေ၏။

မြို့စား။ ။"ဘယ့်နှယ်လဲကွဲ့ ကျော်ဒွန်းရဲ့ နေရာကျရဲ့မဟုတ်လား"ဟု အနီးက ဝပ်နေသော မိန်းမတစ်ယောက်ကို တစေ့တစောင်းကြည့်၍ မေးလေ၏။

ကျော်ဒွန်း။ ။"မှန်လှပါ၊ သည်လိုအရာမှာ ဟောဒီကမယ်အေးကလွဲလျှင် မရှိသလောက်ပဲ ထင်ပါတယ်ဘုရား၊ သည်အကြောင်းကို အခုပဲ တိုင်ပင်ထားပြီးပါပြီ"

မြို့စား။ ။"အင်း. . . အင်းမြန်မြန်ကြိုးစားလိုက်စမ်းပါ မယ်အေးရဲ့ စိတ်ချရပါမလား"

အေး။ ။"မှန်လှပါ. . ဤအရေးကို ဖြစ်အောင်ဘုရားကျွန်မက ကြံစည်ပါမည်၊ စိတ်ချလို့သာ စံနေတော်မူပါဘုရား၊ ပြီးတော့ တစ်ခုလျှောက်ထားလိုသည်မှာ သည်လိုလူကြီးလူကောင်းများထံ အခါမပြတ်သွားရောက်ရမယ်ဆိုတော့ အဝတ်ကောင်း အစားကောင်းများ လိုပါသေးတယ်"

မြို့စား။ ။ဩော်. . . ဟုတ်ပေသားပဲ၊ "ကိုင်း. . . ကျော်ဒွန်းက ကြည့်သာစီမံပါကွယ်၊ မြန်မြန်ဟေ့"ဟု ပြောဆိုပြီး ထွက်သွားလေ၏။

နောက်တစ်နေ့တွင် ပွဲကတော်ကြီးများ မရှိဘူးလား မောင်ရင်ဟု အစေခံနှင့်တူတဲ့ သူငယ်တစ်ယောက်အားမေးနေဆဲ ပွဲကတော်ကြီးဒေါ်နှင်းအိထွက်အလာတွင်ကြုံ၍ "ဘာကိစ္စရှိလို့တုံး"ဟု အဝတ်အစား သန့်ပြန့်ခန့်ထည်သော ဒေါ်အေးကို စိုက်ကာကြည့်၍ မေးလေ၏။

အေး။ ။ပွဲကတော်ကြီးရှင်. . . ရတနာကောင်းများ ရောင်းဖို့ပါလာပါတယ်။ "တစ်ဆိတ်ကယ် ကြည့်ရှုလိုက်ပါဦး"ဟု ခေါင်းပေါ်က စာအုပ်ထုပ်ကလေးကို ကိုင်တွယ်ပြသလေရာ. . .

ပွဲကတော်။ ။ဩော်. . . လာပါဦးလား ကြည့်သေးတာပ၊ မအေး မပေါ်လာတာ အတော်ပဲ ကြာသွားပါပေါ့ကလားရှင့်။ အဝတ်အစားက ခါတိုင်းလိုမှ မဟုတ်ဘဲကို၊ လူများမှားယူတာပဲ၊ တော်တော်နေရာကျနေမှတ်တယ်။

အေး။ ။သည်လိုပ ပွဲကတော်ကြီးရှင်. . . ဟုတ်ကဲ့. . . သည်ဟာက ဓမ္မပဒဝတ္ထုတော်ကြီးရှင့်၊ ပြီးတော့ ဟောသည် ဇိနတ္ထပကာသနီကျမ်းတော်ကြီးကလည်း ကြည်နူးဖွယ်များလိုက်တာ ကြည့်ပါဦး၊ ဓမ္မစကြာအမေးအဖြေလည်း ပါပါသေးတယ်။

ပွဲကတော်။ ။"သာဓုရှင် သာဓု. . . ကျုပ်သမီးက ဒါမျိုးရှိနေတာကလား၊ သမီးရေ လာပါဦးအေ့. . . ဟောဒီမယ် ဒေါ်အေးက ရတနာကောင်းများ ရောင်းရန်ပါတယ်ဆိုပါကလား"ဟု စာအုပ်တွေကို လက်ညှိုးထိုးပြလေ၏။

# ကလပ်နှောင်

အေး။ ။ကြည့်လှည့်စမ်းပါဦး တူမကြီးရယ်၊ ဘယ်လောက် ကြည်နူးဖွယ် ကောင်းတယ်ဆိုတာ. . .

သန်းရီ။ ။"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်မက ဒါမျိုးမှ သဘောကျတယ်"ဟု စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ်ကိုင်တွယ်ဖတ်ကြည့်ရင်း. . . နေရာကျလိုက်လေ ဒေါ်ဒေါ်ရယ်. . . ကျွန်မတို့ဆီမှာ ဒီစာအုပ်မျိုး တချို့မရှိသေးဘူးရှင့် ဝယ်ထားလိုက်ရဦးမယ်။

အေး။ ။ကြည့်ပါလား တူမရဲ့ ဟောသည်အပိုဒ်က. . . စသည်ဖြင့် ကြားနာရသူ ဖရဏာပီတိ ရှိလောက်အောင် သာယာစွာ ဖတ်ရွတ်ပြောဆိုလေ၏။

၎င်းပြင် အခြားသော ပုံတိုပတ်စဝတ္ထုကြောင်းကောက်၍ မှတ်သားလောက်သော စကားများအပြင် ရယ်ရွှင်ဖွယ်ရာ အသောများပါမကျန် ချောင်ရေးခြားစွာ အညီအညွတ် ပြောဆိုခြင်းများကြောင့် ဒေါ်အေးအား အထူးသဖြင့် အရောတဝင် ချစ်ချစ်ခင်ခင် ရှိကြလေ၏။

အေး။ ။"ဩော်. . . စကားပြောကောင်းနေလိုက်ကြတာ အချိန်တောင် နည်းသွားပြီ၊ ပြန်လိုက်ဦးမှာပဲ၊ နောက်များမှ လာခဲ့ပါဦးမယ် တူမကြီးရဲ့"

ရီ။ ။"ဟုတ်ကဲ့ရှင့်၊ နက်ဖြန်တော့ စောစောလာပါနော် သည်မှာထမင်းစားတာပေါ့"




ရွှင်ပျစွာဖြင့် "လာပါ. . . လာပါ ဒေါ်ဒေါ်ရယ်၊ မျှော်လိုက်ရတာ မပြောပါနဲ့တော့"

အေး။ ။"ဟုတ်ကဲ့ တူမကြီးရဲ့၊ မျှော်နေမယ်ဆိုတာ သိသားပဲ၊ သည်နေ့ကိစ္စကလေးများတာနှင့် နည်းနည်းအချိန်နောက်ကျသွားတယ်။ ဒါထက် တူမကြီးရဲ့ မောင်လွန်းကြည်တစ်ယောက် မမြင်ပါကလား"

"အခြားသော ပုံတိုပတ်စ ဝတ္ထုကြောင်းကောက်၍ မှတ်သားလောက်သော စကားများအပြင် ရယ်ရွှင်ဖွယ်ရာအသောများပါမကျန် ချောင်ရေးခြားစွာ အညီအညွတ်ပြောဆိုခြင်းများကြောင့် ဒေါ်အေးအား အထူးသဖြင့် အရောတဝင် ချစ်ချစ်ခင်ခင် ရှိကြလေ၏"

ဒေါ်အေးသည် မျက်စိတစ်ဖက်ကို မသိမသာ မှေးကာကြည့်ရင်း "ကောင်းပါပြီ တူမကြီးရဲ့. . . ဆက်ဆက်လာခဲ့ပါ့မယ်၊ သွားပါဦးမယ် ပွဲကတော်ကြီးရှင့်"ဟု ရိုသေစွာ နှုတ်ဆက်၍ ပြန်သွားလေ၏။

ဒေါ်အေးပြန်သွားသည့်နောက် ဒေါ်နှင်းအိနှင့်သန်းရီတို့မှာ ဒေါ်အေး ပြောဆိုဖတ်ရွတ်သော သာယာသောအသံများကို နားထဲတွင်စွဲ၍ ကျန်နေလိုက်ကြလေ၏။

သို့နှင့်ပင် ဒေါ်အေးနှင့် သန်းရီတို့သည် တစ်ဦးနှင့်တစ်ဦး ခင်တွယ်ခြင်း ဖြစ်ကြလျက် နေ့စဉ် မပျက်လာရောက်စေလေ၏။

တစ်ခါတစ်ရံ ဒေါ်အေးမလာမရောက်သော တစ်နေ့မှာပင် လူလွှတ်၍ အခေါ်ခိုင်းရလေ၏။

မြို့စားကြီးနှင့် ဗိုလ်ကျော်ဒွန်း. . . ၎င်းပြင် ဒေါ်အေးတို့သည် အရေးကြီးသောအချက်တို့ကို တိုင်ပင်ကြ၍ မုချအကြံအောင်မြင်တော့မည့်အရေးကို တွေးတောလျက် ဝမ်းသာနေကြလေ၏။

နောက်တစ်နေ့မှာ သန်းရီသည် အိမ်ရှေ့ပြတင်းမှ မျှော်နေဆဲ ဒေါ်အေးလာနေသည်ကိုမြင်လိုက်ရ၍အလွန်

ရီ။ ။ဩော်. . . ကိုလွန်းကြည်လား၊ ဟိုလေးတန်မြို့သို့ ကိစ္စတစ်ခုနှင့်သွားတာ သုံးရက်တောင် ရှိသွားပြီ၊ နက်ဖြန်ပြန်ခဲ့မယ်လို့တော့ စာရတာပဲ၊ ကိုင်းပါလေ. . . ဒေါ်ဒေါ်ရယ်၊ မနေ့က ပြောလက်စဖြစ်တဲ့ ဥပ္ပလဝဏ်ထေရ်ရီအလောင်းရဲ့မူလအဖြစ်တော်ကစပြီး အတိုကောက်ပဲ ပြောပြပါဦး။

အေး။ ။ဒါက ဒီလိုကိုး. . . တူမရဲ့. . . စသည်ဖြင့် ကြည်နူးဖွယ်အသံစာစာနှင့် ပြောဆိုရင်း အစမသတ်မီ ဩော်. . . သည်မှာဆိုတော့ လူသူပရိသတ်က သိပ်များနေတာကလား၊ အေးအေးဆေးဆေးနှင့် ပြောလို့ဆိုလို့ သမာဓိမရနိုင်ပါဘူး တူမကြီးရယ်၊ မြို့ဦးက ရွှေဘုံသာစေတီတော်ကြီးအနီးတွင် ဘိုးကရင်အာရုံခံကိုသွားပြီး မြတ်စွာဘုရားကိုယ်စားတော်ကြီးကိုလည်း ဖူးမြော်ဝတ်တက်ရင်း ဓမ္မသဝနဓမ္မဒေသနာဆိုတာလို ဆွေးနွေးတိုင်ပင်၍ ကြားနာရလျှင်သာပြီးပိုမိုလို့အကျိုးများမှာပဲ။ ကိုင်း. . . သွားလိုက်ရအောင်၊ လိုက်မယ်မဟုတ်လား တူမကြီးရဲ့"

ရီ။ ။"လိုက်တာပေါ့ ဒေါ်ဒေါ်၊ သို့သော် မေမေ့ကို သွားပြီး ပြောဦးမှပဲဖြစ်မယ်"

အေး။ ။အောင်မယ်၊ ဒါတော့စိတ်ချ၊ ဒေါ်ဒေါ်ပဲ သွားပြောလိုက်ပါ့မယ်ဟု ဖျတ်လတ်စွာထသွား၍ "ပွဲကတော်ကြီးရှင့်၊ တူမကြီးက မြို့ရှေ့ကဘုရားကြီးကို ဖူးမြော်ကန်တော့သွားချင်လို့ လိုက်ပို့ပေးပါဆိုနေတယ် ခွင့်ပြုပါနော်"ဟု ချိုသာစွာ ပြောဆိုလေ၏။

ပွဲကတော်ကြီး ဒေါ်နှင်းအိသည် ဒေါ်အေးပြောသောစကားကို ကောင်းစွာမကြားရ၍ မျက်နှာကိုစိုက်ကာ ကြည့်နေသည့်အတွင်း အခြားကုန်သည်များနှင့် အရောင်းအဝယ်စသည်တို့ဖြင့် ပြောဆိုစီမံဆောင်ရွက်ရခြင်းကိစ္စက မအားနိုင်သောကြောင့် ဘာမျှပြန်လှန်၍ မပြောလိုက်ရသေးမီ မေ့လျော့နေခိုက် ဒေါ်အေးသည် ရုတ်တရက် ထွက်လာခဲ့၍ "နေရာကျလိုက်လေတူမကြီးရေ အခွင့်ပြုလိုက်ရှာတယ်။ ကိုင်း. . . ကိုင်း ခပ်မြန်မြန်ကလေး သွားလိုက်ရအောင်. . ."

မြို့စားကြီးသည် ဗိုလ်ကျော်ဒွန်းညွှန်ပြသော အခန်းကလေးအား ဖွင့်ကြည့်လိုက်ရာ လှပသော သူငယ်မလေးတစ်ယောက်ကိုမြင်ရလေလျှင် တပ်စွန်းသောတဏှာရမ္မက်ဖြင့် ဖြူစင်သန့်ရှင်း၍ သေးသွယ်သောလက်ကလေးများကို အတင်းအဓမ္မ ကိုင်တွယ်ကာ ရာဂ၏အလိုအတိုင်း ဖောက်ပြားကြံစည်မည်အပြုတွင် ထိုသူငယ်မသည် မျက်နှာကိုလက်နှစ်ဖက်ဖြင့်အုပ်လျက် တရှုပ်ရှုပ်ငိုယိုကာ ကြံရာမရစိတ်ဒုက္ခဖြစ်ရှာလေ၏။

သို့ရာတွင် ဤသို့သောအဖြစ်ကို စနစ်ကျ သိရလေလျှင် ချစ်သောသူနှင့် ကွေကွင်းရခြင်းသည် သေသည်ကပင် မြတ်လေတော့၏ဟုနှလုံးပိုက်ကာ တတ်အားသမျှ ခုခံငြင်းပယ်ရှာလေ၏။

မြို့စားကြီးသည်လည်း ရာဂမီး တောက်လောင်အားကြီးလှသဖြင့် အနည်းနည်း ကြံစည်ပါသော်လည်း အသာတကြည်နှင့်မရ။ မိမိပင် အတင်းအဓမ္မကျလွန်းသည်၏ အဖြစ်ကိုသတိရလေလျှင် မူလရည်ရွယ်ရင်းအတိုင်း ပန်းတင်စော်ဘွားကြီးထံ သမီးကညာအဖြစ်နှင့် အမြန်ဆက်သရန် စီမံဆောင်ရွက်လိုက်ရလေ၏။

ညနေစောင်းအခါကျလျှင် ရွာဆော်ဖြစ်သော သာကျော်သည် မောင်းကြီးကို ဒူဒူပါအောင် တီးပြီးလျှင် အော်ကျယ်အော်ကျယ်ဖြင့် "ယနေ့ကစ၍ ခုနစ်ရက်အတွင်း အခြားမြို့နယ်များသို့ ကုန်းကြောင်း၊ ရေကြောင်း မှစ၍ ကူးသန်းသွားလာခြင်း မရှိရ။ ဓားပြလူဆိုးများ ဖမ်းဆီးရန် အရေးကြီးစွာရှိသည်။ အမိန့်မရသွားလာသည်ကို တွေ့ရှိခဲ့လျှင် ဖမ်းဆီး၍ ကြီးလေးသော အပြစ်ဒဏ်များကို ထားလိမ့်မည် ဒူ. . ဒူ"

ထိုအခါ ရပ်သူရွာသားများတို့သည် အမျိုးမျိုးတွေးတောကာ ထိတ်ထိတ်ပျာပျာ ရှိကြလေ၏။

ပွဲစားကြီး ဦးပဏ္ဍိနှင့် ပွဲကတော် ဒေါ်နှင်းအိတို့သည်လည်း သမီးသန်းရီအား အချိန်တန်၍ ပြန်မလာသောကြောင့် မျှော်နေဆဲ ၎င်းမောင်းသံကို ကြားရလေလျှင် အလွန်ပင်စိုးရိမ်မကင်းဖြစ်လှ၍ လူလွှတ်ကာ ရှာဖွေကြလေ၏။

ကြက်ပျောက်၊ ငှက်ပျောက် အရိပ်ပါ ပျောက်သောကြောင့် သောကမအေး ဖြစ်ပြီးလျှင် ကြံရာမရနိုင်ဖြစ်၍ အရပ်အုပ် အကွက်အုပ်နှင့် ရွာဆော်ရွာခေါင်းများပါ တိုင်တန်းရှာဖွေစေရာ တစ်စုံတစ်ရာမျှသတင်းမကြားရ။ တစ်ဖန်မြို့စားကြီးထံသို့ လျင်မြန်စွာသွား၍ ဝင်ရောက်ပြီး တိုင်တန်းလျှောက်ထားရလေ၏။

မြို့စားကြီးသည် အံ့ဩသောလက္ခဏာကို မလွှဲသာလွှဲသာပြလျက် ဩော်. . "ဖြစ်မှဖြစ်ရလေဗျာ. . ၊ သို့သော် ဘာမျှမပူကြပါနှင့်၊ တတ်အားသမျှ ရှာဖွေပေးပါမယ်၊ ပြီးတော့လဲ ဤကလပ်နှောင်မြို့၏ ကျေးရွာ နယ်စွန်နယ်ဖျားမှ ဓားပြလူဆိုးတို့ ထကြွသောင်းကျန်းနေကြောင်း သတင်းကြားရတယ်၊ စိတ်တော့ ခပ်လေးလေးပဲ"

(ဆက်လက်ဖော်ပြပါမည်)

မိတ်ဆွေ ! ကားဝယ်ဖို့ သင်စဉ်းစားနေလား
